# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်၊ အင်္ဂါနေ့။ Tuesday, 10 June 2025 ၁၁၈၄၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ပြင်ဦးလွင်မြို့သည် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်

### အိမ်သာမှည့ေ့လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသသန့်ရှင်းသာယာလှပရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


**ယနေ့ ဖတ်စရာ**

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေး ကျင်းပ** စာမျက်နှာ » ၄

**ခေတ်အဆက်ဆက် လက်ချင်းယှက်၍ ရင်းနှီးချစ်ကြည်ခဲ့ကြသော မြန်မာ - တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး** ဆောင်းပါး စာမျက်နှာ » ၆

**မန္တလေးဝေါ့ကြီးကြောင့်ပျက်စီးသွားသော ဆေးရုံ အဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ** စာမျက်နှာ » ၇

ကြေးမုံ

# မဟာသမယအခါတော်နေ့တရားတော် ထာဝရငြိမ်းချမ်းရေးရည်မျှော်

မဟာသက္ကရာဇ် ၁၀၇ ခုနှစ် နယုန်လပြည့်နေ့ မြတ်စွာဘုရားရှင် ပဥ္စမမြောက် ဝါဆိုခါနီးအချိန်တွင် မဟာသမယသုတ်တရားတော်ကို ဟောကြားတော်မူခဲ့လေသည်။ မဟာသမယသုတ်တရားတော် ဟောကြားတော်မူသည့်ကာလကို တွက်စစ်ကြည့်သော် နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီဖြစ်သည်။ မဟာသမယသုတ်တရားတော်သည် ငြိမ်းချမ်းခြင်းကိုဦးတည်သဖြင့် ဤကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် မဟာသမယသုတ်တော်ကို ဆင်ခြင်သုံးသပ် အလေးအမြတ်ပြုကြရမည်ဖြစ်သည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အခါကဖြစ်သည်။ ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို ခွဲဝေသုံးစွဲရာ၌ အဝေမတည့်ဖြစ်ကြသည်။ မိုးလေဝသမှန်၍ မြစ်ရေလုံလုံလောက်လောက်ရနေစဉ်က ရေအတွက် ပြဿနာမရှိခဲ့သော်လည်း ထိုစဉ်က မိုးခေါင်သဖြင့် ရောဟိဏီမြစ်ရေနည်းလာသည်။ ကဆုန်၊ နယုန်လတို့တွင် အပူရှိန်ပြင်းလာသဖြင့် ရောဟိဏီမြစ်ရေသည် တစ်ပြည်ထောင်သုံးစွဲရန်ပင် မလောက်ငတော့ပေ။ ကပိလဝတ်ပြည် လယ်သမားတို့က မြစ်ရေကို သူတို့ချည်းသုံးလိုသည်။ ကောလိယပြည် လယ်သမားတို့ကလည်း မြစ်ရေကိုမျှဝေလိုခြင်းမရှိပေ။

ဤသို့ဖြင့် အပေးအယူ မကြည်ဖြူနိုင်ကြတော့သည့် နှစ်ပြည်ထောင်လယ်သမားတို့၏ အရေးအခင်းသည် နိုင်ငံတော်အဆင့် အရေးအခင်းကြီးအထိ ဖြစ်လာပေသည်။ နှစ်ပြည်ထောင် ဆွေရင်းမျိုးရင်းသွေးချင်းနီးသည့် ပြည်သူအချင်းချင်း ရေအတွက်နှင့် သွေးမြေကျစေမည့် စစ်ပွဲပြင်ဆင်နေစဉ် မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာပြီး ရောဟိဏီမြစ်ကောင်းကင်ယံတွင် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရသည့်အခါ စစ်သည်တော်အားလုံး လက်နက်ချ၍ ရှိခိုးကန်တော့ကြသည်။

ထိုအခါ မြတ်စွာဘုရားရှင်က တန်ဖိုးနည်းသည့်ရေအတွက်ဖြင့် တန်ဖိုးမဖြတ်နိုင်သည့် သာကီဝင်မင်းသားတို့၏သွေး မြေသို့မကျသင့်၊ အသက်မသေသင့်။ စစ်တို့မည်သည် ရှုံးသူရော နိုင်သူပါ သားစဉ်မြေးဆက် ရန်ငြိုးဖွဲ့၍ အတောမသတ်အောင် ဖြစ်ပွားနိုင်သဖြင့် နိုင်သူမရှိ အရှုံးချည်းသာဖြစ်သည်ဟု ဆုံးမတရားဟောကြားသည်။ နှစ်ဖက်ဆွေမျိုးများ နှလုံးသွင်းဆင်ခြင်နိုင်ရန် တစ်ပြည်နှင့်တစ်ပြည် အပြစ်မရှာဘဲ ငြိမ်းချမ်းစွာ နေထိုင်ဆက်ဆံကြမှ အကျိုးရှိမည်ဖြစ်ကြောင်းသိစေရန် ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်တို့ ရန်ငြိုးဖွဲ့မှားပြီး ဝက်ဝံလည်းသေ၊ ရုက္ခစိုးနတ်၏ ကြို့ပင်လည်း ပျက်စီးရသည့်ဇာတ်တော်ကို ဟောတော်မူသည်။

ထို့နောက် ပြေးကြ၊ ပုန်းကြရင်း ဆင်းရဲဒုက္ခရောက်ကြရသော တိရစ္ဆာန်တို့အကြောင်း ဒုဒ္ဒုဘဇာတ်၊ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အင်အားသုံးအနိုင်မယူသင့်၊ မိမိထက် အင်အားအလွန်ကြီးသော ဆင်ရိုင်းကြီးကိုပင် သေးငယ်သည့် နှံစုတ်ငှက်က အနိုင်ရဖူးကြောင်း လဋုကိကဇာတ်တော်၊ သာကီဝင်မျိုးနွယ်တို့အချင်းချင်း ညီညွတ်စွာနေထိုင်ကြရမည်၊ အချင်းချင်းစစ်မက်မဖြစ်သော်လည်း အပြန်အလှန်စကားစစ်ထိုးကာ အချင်းများစိတ်ဝမ်းကွဲပြားလျှင် ငြိမ်းချမ်းရေးအရသာကို ခံစားရမည်မဟုတ်ကြောင်း သမ္မောဒမာနဇာတ်တော်ကိုဟောတော်မူသည်။

အသိဉာဏ်ရှိသော လူသားများကိုမဆိုနှင့်၊ သက်မဲ့သစ်ပင်တို့သည်လည်း တစုတဝေးတည်း စုစုစည်းစည်းပေါက်ရောက်နေပါက လေဒဏ်၊ မိုးဒဏ်အန္တရာယ်ကင်းဝေးကြောင်း ဆင်ခြင်သိရှိနိုင်စေရန် ရုက္ခဓမ္မဇာတ်တော်ကို ဟောကြားတော်မူသည်။ ထို့နောက် သာကီဝင်မင်းသားအားလုံး မိမိကိုယ်မိမိ ဆုံးမနေထိုင်တတ်ရန် အတ္တဒဏ္ဍသုတ်ကို ဟောတော်မူသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတရားများကို နာယူကြပြီးသည့်အခါ ဆွေတော်မျိုးတော်အပေါင်းတို့သည် ဒေါသများကင်းစင်၍ အမြင်မှန်ရကာ နှစ်ဖက်ငြိမ်းချမ်းရေးယူလိုက်ကြသည်။ နှစ်ပြည်ထောင်မင်းသား ၂၅၀ စီ ထာဝရငြိမ်းချမ်းရေးကိုရည်စူး၍ ရဟန်းပြုကာ တရားအားထုတ်ကြသည်။

ထို့နောက် ရဟန္တာဖြစ်ပြီး ၅၀၀ သောရဟန်းတို့သည် ရရှိထားသောတရားထူးကို လျှောက်ထားရန် နယုန်လပြည့်နေ့ ညနေဆည်းဆာအချိန်တွင် မဟာဝုန်တောရှိ မြတ်စွာဘုရားရှင်ထံ စုရုံးရောက်ရှိလာသောအခါ ကြည်ညိုပူဇော်လိုသော စကြဝဠာတိုက်အပေါင်းမှ နတ်၊ ဗြဟ္မာ၊ အသူရာ၊ ဂဠုန်၊ နဂါးတို့သည် စုရုံး၍ မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့ကို ပူဇော်ကန်တော့ကြသည်။ နတ်၊ ဗြဟ္မာ၊ အသူရာများကို မြတ်စွာဘုရားက အသိအမှတ်ပြုသောအားဖြင့် အမည်နာမထုတ်ဖော်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါ မြတ်စွာဘုရား၏ နှုတ်ခွန်းဆက်စကားကို "မဟာသမယသုတ်"ဟုခေါ်ပါသည်။ မဟာသမယသုတ်နှင့်တကွ သတ္တဝါတို့၏စရိုက်ကို လိုက်၍ ပုရာဘေဒသုတ်ကို ဟောတော်မူသည်။

သို့ဖြစ်ရာ မဟာသမယသုတ်တော်နေ့ (ဝါ)ငြိမ်းချမ်းရေးနေ့သည် ထေရဝါဒမြန်မာပြည်မှာသာမက တစ်ကမ္ဘာလုံး အလေးအမြတ်ပြုသင့်သည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နည်း တရားတော်အပါအဝင် စည်းလုံးညီညွတ်ရေးတရားတော်များဟောကြားခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သော မဟာသမယအခါတော်နေ့ကို အစဉ်ထာဝရ တည်ထွန်းစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် ဇွန် ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ဆဋ္ဌမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၁၆၉၄၉ ပါး/ ဦးအနက် ၁၃၅၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၉ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား "အစီအစဉ်မှ **"ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အနာဂတ် မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၉

ဇွန် ၉ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၄၄မိနစ် ၄၉ စက္ကန့်အချိန်တွင် ငွေမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်မြို့၏ အနောက် ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၅ ဒီဂရီ၊ အနက် ၇၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

မိုး/ဇလ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၈၀၀ | ၂၁၄ | ၁,၄၄၉,၉၀၀ |
| MTSH | ၃,၀၀၀ | ၂,၉၅၀ | ၈,၀၃၀ | ၂၃,၇၆၆,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂၄ | ၁၈၄,၈၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၁,၆၀၀ | ၂၁,၄၆၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၁၅ | ၈၈၂,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၅၈၄ | ၉၃၆,၉၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၅၀ | ၁၅၅,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်နိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစု ဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များအပေါ်တွင်အခြေခံ၍ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်

❒ ရွှေဖုံးမှ

**ပြင်ဦးလွင်ခရိုင်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဧပြီလအတွင်း ပြင်ဦးလွင်ဒေသသို့ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရာတွင် ရေအရင်းအမြစ်များ ကွင်းဆင်းလေ့လာခြင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆည်၊ တာတမံများအတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးရလဒ်များ၊ ရေလှောင်တမံအသစ်များနှင့် ရေလွှဲဆည်များ ထပ်မံဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ရေအရင်းအမြစ်များအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ လျာထားသုံးသပ်တင်ပြချက်များနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုး၊ အပြစ်များ၊ ဘူမိဗေဒဆိုင်ရာအခြေအနေသုံးသပ်တင်ပြချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်၏ ပထဝီဝင်ဆိုင်ရာ အချက်အလက်များနှင့် မြို့ပြနှင့်ကျေးလက်လူနေထိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင် ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့် ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အား ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများအပေါ် သုံးသပ်တင်ပြချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်ဖော်ဆောင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုတို့ကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြင်ဦးလွင်မြို့နယ် မြို့ပြ စိမ်းလန်းစိုပြည်ရေးနှင့် လမ်းများ ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများအနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သော အစီအမံ(Quick Win Plan) ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့်ကျေးလက် လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန် လိုပြီး ယင်းအချက်အလက်များ အပေါ်တွင် အခြေခံ၍ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝအသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစားလယ်၊ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် ရေအရင်းအမြစ် လုံလောက်စွာ ရရှိရေးနှင့် သွင်းအားစုများပြည့်မီအောင် ထည့်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ်ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြား အခြေခံအချက်အလက်များ အားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် အခြေခံလိုအပ်ချက် လေးခုအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို တွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ❒

**❖ ပြင်ဦးလွင်မြို့နယ်တွင် လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို တွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်**

**❖ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်**

**❖ ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

❐ စာမျက်နှာ ၃ မှ

ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ ကောင်းမွန်စွာ ပေါက်ရောက်သည့် ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့် စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံတင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့် သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့် ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင် လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပို့မိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့အနေဖြင့် အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဘောလုံးအားကစားပွဲများ၊ စက်ဘီးစီးပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကို ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Town Plan များရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့အား Green City၊ Clean City၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဒေသတွင်းနေထိုင်သူများနှင့် ဒေသတွင်လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် မွေးဖွားခဲ့ပြီး အသက်အရွယ်ကြီးမြင့်စွာရှိနေကြသည့်ဒေသခံများဖြင့် Elder အဖွဲ့ ဖွဲ့စည်းသွားရန်လည်းလိုပြီး ဒေသ၏ အစဉ်အလာနှင့် ဂုဏ်သတင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ၎င်းတို့အနေဖြင့် အကြံပြုနိုင်မည်ဖြစ်ကြောင်း။

မြေအသုံးချမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေနေရာများကို အမျိုးအစားအလိုက် အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျ စီမံခန့်ခွဲသွားရန်လိုကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်ယာခုတ်ထွင်မှုများ ပပျောက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် စပါးစိုက်ပျိုးနေသည့် ယာမြေများကို သီးထပ်စွမ်းအားမြှင့်တင်နိုင်မည့် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများအဖြစ် ဖော်ဆောင်ပေးနိုင်ရေး သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာများနှင့်ပတ်သက်၍ ရွှေ့ပြောင်းတောင်ယာစနစ်များ ပပျောက်အောင် ဆောင်ရွက်သွားရန်လိုပြီး ကုန်းမြင့်လယ်များ ဖော်ထုတ်ပေးရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားအများအပြား လာရောက်သည့်မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒေသထွက် သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာ အစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်သာမှ ဧည့်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်း ပြည့်မီရန်လိုပြီး လမ်းမကြီးများ ဥပဒေကိုလည်း ပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကိုခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စံပြအဖြစ် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများမှ စံနမူနာပြ ဆောင်ရွက်သွားရန်လိုအပ်ပြီး ရပ်ရွာလူထုထံသို့ နမူနာယူ အသိပညာပြန့်ပွားအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Green City၊ Clean City ဖော်ဆောင်မှု အောင်မြင်လာနိုင်မည် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၉**

မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်အမှာစကားပြောကြားသည်။



## ပြောကြား

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန် မြှင့်တင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဇုန်အတွင်းရှိ လုပ်ငန်းများက ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက် ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် သုံးစွဲရန်လိုကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်း ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်ဦးက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိခြင်းနှင့် တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် ရခိုင်တိုင်းရင်းသားများပါတီ(Rakhine Nationalities Party)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ နိုင်ငံရေးပါတီ ၁၇ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၇ ပါတီအနက် ဦးဘွာလ်ဆိုင်လို ခေါင်းဆောင်သည့် **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress(NCC)]**က ပါတီ တည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၆ ပါတီအနက် ပါတီ ၁၄ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်နိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားမှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခင်ထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အလားအလာကောင်းသော ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းတို့အတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရေး၊ ဆောင်ရွက်ဆဲ ကမ်းလွန်လုပ်ကွက်တွင် ဆက်လက်ဆောင်ရွက်မည့် ရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် တရုတ်ကုမ္ပဏီများအား တွန်းအားပေး ကူညီဆောင်ရွက်ရေး၊ အရှေ့တောင်အာရှ ရေနံစိမ်း



ပိုက်လိုင်းမှ ရေနံစိမ်းများရယူပြီး ရေနံချက်စက်ရုံသစ် စီမံကိန်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိတရုတ်-မြန်မာ စီးပွားရေးစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများတွင်ပါဝင်သည့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်မြောက်ခဲ့မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ဆောင်ရွက်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ တရားဝင်နယ်စပ်ဂိတ်များမှ ဝင်/ထွက်သွားလာမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်မှု၊ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုလာရောက်ဆောင်ရွက်ကြသည့် တရုတ်နိုင်ငံသားများ၏ ပြည်ဝင်ပီဇာနှင့် နေခွင့်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပြန်လည်ပြည်နှင်လွှဲပြောင်းပေးမှုနှင့် နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်/ထွက်မှုရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃) သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၉**

အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား သင်တန်းသူများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ အဓိကတာဝန်များကို ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် စိတ်ဓာတ်နှင့် စွမ်းရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ လိုက်ပါကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၉၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်အဆက်ဆက် လက်ချင်းယှက်၍ ရင်းနှီးချစ်ကြည်ခဲ့ကြသော မြန်မာ - တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး

**မောင်ကမ္ဘာ**




မြန်မာ-တရုတ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် စတင်ခဲ့ကြသည်။ သို့သော် အိမ်နီးချင်းနှစ်နိုင်ငံတို့၏ မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုဆက်ဆံရေးမှာမူ နှစ်ပေါင်းထောင်ချီ ရှည်ကြာခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်သည့်အခါ မြန်မာနိုင်ငံက ကွန်မြူနစ်မဟုတ်သောနိုင်ငံ တစ်နိုင်ငံအနေဖြင့် ပထမဆုံး အသိအမှတ်ပြုခဲ့သည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမမျိုးဆက်ခေါင်းဆောင်ကြီး မော်စီတုံး (၁၉၄၉ - ၁၉၇၆)၊ ဒုတိယမျိုးဆက်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်(၁၉၇၈-၁၉၈၉)၊ တတိယမျိုးဆက်ခေါင်းဆောင်ကြီး ကျန်ဇီမင်း (၁၉၈၉-၂၀၀၄)၊ စတုတ္ထမျိုးဆက်ခေါင်းဆောင်ကြီး ဟူကျင်ထောင်း (၂၀၀၂-၂၀၁၂)နှင့် လက်ရှိ ပဉ္စမမျိုးဆက်ခေါင်းဆောင်ကြီး ရှီကျင့်ဖျင် (၂၀၁၂ - လက်ရှိ) အထိတိုင်အောင် တရုတ်ခေါင်းဆောင်အဆက်ဆက်သည် မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြသည်။ အပြန်အလှန်ကူးလူးယှက်နွယ်ဆက်ဆံမှုများရှိခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်များသည်လည်း မြန်မာနိုင်ငံမှ ခေတ်အဆက်ဆက် ဝန်ကြီးချုပ်များနှင့် အထူးတလည် ရင်းနှီးခင်မင်ခဲ့ကြသည်။

အထူးသဖြင့် နှစ်နိုင်ငံလွတ်လပ်ရေးခေတ်ဦးကာလများတွင် မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်ဦးနုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးချုပ်ချူအင်လိုင်းတို့၏ ပုဂ္ဂိုလ်ရေးရင်းနှီးကျွမ်းဝင်မှုမှာ ညီရင်းအစ်ကိုပမာရှိခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ ဝန်ကြီးချုပ် ဦးနုနှင့် ချူအင်လိုင်းတို့သည် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတို့တွင် တရုတ်-မြန်မာချစ်ကြည်ရေးသည် အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည်ဟု ယုံကြည်ထားသူများပီပီ တရုတ်-မြန်မာချစ်ကြည်ရေးကို အစွမ်းကုန်တည်ဆောက်ခဲ့ကြသည်။

၁၉၅၄ ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားလာလည်ပတ်ခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းက မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို ဝင်ရောက်ဆင်နွှဲခဲ့သည့်နည်းတူ ဝန်ကြီးချုပ်ဦးနုကလည်း ၁၉၅၇ ခုနှစ်တွင် ယူနန်ပြည်နယ်ရှိ ရှစ်ဆောင်ပဏ္ဏားဒေသ သင်္ကြန်ရေသဘင်ပွဲတော်ကို သွားရောက်ဆင်နွှဲခဲ့သည်။

ဝန်ကြီးချုပ်ဦးနုကို တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် နိုင်ငံခြားရေးဝန်ကြီး မာရှယ်ချင်ယီတို့က ယူနန်ပြည်နယ်မှ ခရီးဦးကြိုဆိုခဲ့ကြသည်။ ထိုအချိန်တွင် ဝန်ကြီးချုပ်ချူအင်လိုင်းမှာ ကျန်းမာရေးအားနည်းကာ နေထိုင်မကောင်းဖြစ်ပြီး၍ နာလန်ထူခါစရှိသေးသည်။ ဝန်ကြီးချုပ်ဦးနု၏ ခရီးဦးကြိုဆိုမှုကို ယူနန်ဒေသအာဏာပိုင်တို့နှင့်သာ လွှဲထား၍ရနိုင်သော်လည်း ဝန်ကြီးချုပ်ချူအင်လိုင်းမှာ သူမြန်မာပြည်လာစဉ်အခါတိုင်း ဦးနုက အမြဲလိုက်ပါ၍ ဧည့်ဝတ်ကျေပွန်မှုကို အတုံ့အလှည့်အားဖြင့် အပြန်အလှန်ဧည့်ဝတ်ကျေပွန်ချင်လှသောကြောင့် ကိုယ်တိုင်ခရီးဦးကြိုလိုက်ပါခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဦးနုကလည်း ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဧည့်ဝတ်ကျေပွန်မှုကို အသိအမှတ်ပြုခဲ့သည်။ ဦးနုက ဝန်ကြီးချုပ်ချူအင်လိုင်းသည် တစ်ဖက်သားအပေါ် မထီမဲ့မြင်မလုပ်ခြင်း၊ သည်းခံခြင်း၊ ဧည့်သည်များအပေါ် အသေးအဖွဲ့မှအစ မလစ်ဟင်းရအောင် အထူးဂရုတစိုက် ဧည့်ဝတ်ကျေပွန်ခြင်းရှိသူ၊ အတုယူစရာကောင်းသည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုလေးစားသမှုရှိခဲ့သည်။

၁၉၇၀ ကျော်လွန်နှစ်များတွင် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများမှခေါင်းဆောင်အချို့သည် တရုတ်ပြည်ကြီးနှင့် ရွှေလမ်းငွေလမ်းဖောက်ချင်လာကြသဖြင့် တရုတ်ခေါင်းဆောင်ကြီးများ၏ ဝါသနာနှင့် ဓလေ့စရိုက်ကို လေ့လာခဲ့ကြသည်။ တရုတ်ခေါင်းဆောင်များမှာ ပင်ပေါင်အားကစားနည်းကို အထူးဝါသနာပါကြသည်ကိုသိရ၍ အမေရိကန်ကကနဦး ပင်ပေါင်အားကစားအဖွဲ့ကို ပေကျင်းသို့ စေလွှတ်ပြီး စတင်လမ်းဖောက်ရာမှ အမေရိကန်သမ္မတနစ်ဆင်နှင့် တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးတို့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်။ ထိုသို့ ၁၉၇၀ ကျော်လွန်နှစ်များတွင် တရုတ်နှင့် အမေရိကန်တို့ ရွှေလမ်းငွေလမ်း သံတမန်စခန်းဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ထိုစဉ်က ကမ္ဘာ့နိုင်ငံရေးလောကတွင် **"ပင်ပေါင် ဒီပလိုမေစီ"**၊ **"ပါဆင်နယ် ဒီပလိုမေစီ"** ဟူ၍ တင်စားခဲ့ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်များ၏ **"ပါဆင်နယ်ဒီပလိုမေစီ"**ကမူ "ဆွေမျိုးပေါက်ဖော်" အဆင့်ခရီးပေါက်ခဲ့ပြီဖြစ်၍ မြန်မာနှင့်တရုတ်တို့သည် နှစ်နိုင်ငံသမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်စေမည့် တရုတ်-မြန်မာနယ်ခြားသတ်မှတ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ တရုတ်-မြန်မာနှစ်နိုင်ငံ နယ်ခြားသတ်မှတ်ရေး သဘောတူစာချုပ်ကို ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပေကျင်းမြို့၌ ဝန်ကြီးချုပ်ချူအင်လိုင်းနှင့် အိမ်စောင့်အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းတို့ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သံတမန်ရေးရာကိစ္စများတွင်လည်း နှစ်နိုင်ငံစလုံးက တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖေးမကူညီခဲ့ကြသည်။ ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါမြို့၌ကျင်းပခဲ့သည့် ကိုလံဘို ငါးနိုင်ငံညီလာခံတွင် အာဖရိကနှင့် အာရှနိုင်ငံများညီလာခံတစ်ရပ်ကို ၁၉၅၅ ခုနှစ် ဧပြီလ၌ကျင်းပရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို မဖိတ်ဘဲထားရန် အဆိုတင်သွင်းခဲ့သည်။

ဝန်ကြီးချုပ်ဦးနုက တရုတ်ပြည်သူ့သမ္မတနိုင်ငံကို မဖိတ်ဘဲထားခဲ့ပါက အာဖရိကနှင့် အာရှနိုင်ငံများညီလာခံကို တာဝန်ယူဖိတ်ခေါ်မည့် ကိုလံဘို(ငါး)နိုင်ငံအဖွဲ့မှ မြန်မာနိုင်ငံထွက်မည်ဟု တိတိလင်းလင်းကန့်ကွက်ပြောဆိုခဲ့သဖြင့် အဆိုပါအဖွဲ့ဝင်နိုင်ငံမှ ဝန်ကြီးချုပ်က သူ့အဆိုကို ပြန်လည်ရုပ်သိမ်းသွားခဲ့ရသည်။

ထို့အတူ မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကို အခြေခံကျသည့်မူဝါဒအဖြစ် အစဉ်တစိုက်ခိုင်ခိုင်မာမာကျင့်သုံးလျက်ရှိသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့သည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက်ရပ်တည်ထောက်ခံပေးခဲ့ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်တို့ အမြော်အမြင်ကြီးမားစွာ ပြုစုပျိုးထောင်ခဲ့သော မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအထိ တိုးမြှင့်လာနိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကလည်း ကဏ္ဍစုံ ပိုမိုတိုးတက်များပြားလာသည်။ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ တရုတ်-မြန်မာစင်္ကြံ မဟာဗျူဟာမြောက်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ ခေါင်းဆောင်အဆက်ဆက်တို့ ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ကူးလူးယှက်နွယ်ဆက်သွယ်ခဲ့ကြသည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် ၂၀၂၅ ခုနှစ် မေလ က ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်စဉ်အတွင်း တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးအပါအဝင် အရေးကြီးသည့် သဘောတူညီချက်များ ရရှိသည်အထိ ဆွေးနွေးခဲ့ကြသည်။

☆ **မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အခြေခံကျသည့်မူဝါဒအဖြစ် အစဉ်တစိုက်ခိုင်ခိုင်မာမာကျင့်သုံးလျက်ရှိသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့သည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက်ရပ်တည်ထောက်ခံပေးခဲ့**

☆ **နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်တို့ အမြော်အမြင်ကြီးမားစွာ ပြုစုပျိုးထောင်ခဲ့သော မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသည် ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအထိ တိုးမြှင့်လာနိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကလည်း ကဏ္ဍစုံ ပိုမိုတိုးတက်များပြားလာသည်။ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိ တရုတ်-မြန်မာစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ ၇ သို့ ❂

# မန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၉**

မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးသွားသော ဆေးရုံ အဆောက်အအုံနှင့် ဓာတ်ခွဲခန်း များပြုပြင်ရန် အလှူငွေပေးအပ် လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ်(၄၇)၌ကျင်းပ ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန် ရှိသူများနှင့် အလှူရှင်အသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် အသင်းအဖွဲ့များက လှူဒါန်းရ သည့်အကြောင်းရင်းကို ရှင်းလင်း တင်ပြကြပြီး မြန်မာနိုင်ငံ တရုတ် ကုန်သည်များ အသင်းချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးသွား သော နေပြည်တော်ကလေးရောဂါ အထူးကုဆေးရုံကြီးနှင့် သားဖွား မီးယပ်ရောဂါ အထူးကုဆေးရုံကြီး တို့ရှိ ဆေးရုံအဆောက်အအုံများ ပြုပြင်ရန် ငွေကျပ် ၁၀၄၈ သန်း၊ မြန်မာ-တရုတ် အမျိုးသား ကုသိုလ်ဖြစ်အသင်းက ငလျင်ဒဏ် ကြောင့်ပျက်စီးသွားသော နေပြည် တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး မီးယပ်ဆောင် နှင့် ခွဲစိတ်ဆောင် ပြုပြင်ရန် ငွေကျပ် ၁၁၃ သန်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင် များအသင်းက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဓာတ်ခွဲခန်းပြုပြင်ရန် ငွေကျပ် ၇၈ ဒသမ ၁၇၅ သန်း၊ Medi-Health Co., Ltd နှင့် Drug International Ltd တို့က ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတွင် အသုံး ပြုရန် Modular Office နှစ်လုံး အတွက် ငွေကျပ်သိန်း ၉၅၀ နှင့် မြန်မာ-တရုတ် အမျိုးသမီးများ အသင်းက ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိ သူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေ ဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီး သွားသော ဆေးရုံ၊ အဆောက်အအုံ နှင့် ဓာတ်ခွဲခန်းများပြုပြင်ရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပျက်စီးမှု အမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့် များအလိုက် လိုက်နာဆောင်ရွက် ရမည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောက်လုပ်ရေးအင်ဂျင် နီယာပညာရှင်များက စနစ်တကျ ခန့်မှန်းတွက်ချက်၍ ဆောက်လုပ် ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အမြန်ဆုံး ပြုပြင်သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်၍ အလှူငွေများထောက်ပံ့လှူဒါန်း




**နေပြည်တော် ဇွန် ၉**

မြန်မာ-တရုတ် ချစ်ကြည်ရေး အသင်း(ဗဟို)မှဥက္ကဋ္ဌ ဦးတင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး များနှင့် အဖွဲ့ဝင်များသည် ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် ငလျင်ဒဏ် သင့် နေပြည်တော်နှင့် ပျဉ်းမနား မြို့နယ်တို့သို့ သွားရောက်၍ အလှူငွေများ လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် နေပြည် တော် ပုဗ္ဗသီရိမြို့နယ် ကံလှ ကျောင်းတိုက် ငလျင်ဒဏ်သင့်သိမ် ပြန်လည် တည်ဆောက်ရန်၊ ပျဉ်းမနားမြို့နယ် ကျောင်းကုန်း ပရိယတ္တိကျောင်းတိုက်၊ နံတော် စဉ် ပရိယတ္တိစာသင်တိုက်၊ တောင်သာ ဘိုးဘွားရိပ်သာ၊ သန္တာရာမ သီလရှင်စာသင်တိုက်၊ ကင်မွန်းတန်းသိမ် ဆွမ်းစား ကျောင်း၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်(အလယ်ရွာ)ကျောင်း တို့အတွက် အလှူငွေ သိန်း ၂၅၀၀ ကို လည်းကောင်း။

ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းမှ အငြိမ်းစား ဆရာ ဆရာမကြီးများ၏ နေအိမ်နှစ်လုံး ဆောက်လုပ်ရန်၊ စစ်ကိုင်းမှ အငြိမ်းစား ဆရာ ဆရာမကြီးများ စစ်ကိုင်း ပြည်သူ့ဆေးရုံကြီး အီးစီဂျီစက်နှင့် လိုအပ်သော ဆေးဝါးများ ဝယ်ယူရန်၊ မန္တလေး ပြည်သူ့ဆေးရုံကြီး အီးစီဂျီစက် နှစ်လုံး၊ ချွဲစုပ်စက် နှစ်လုံးနှင့် သွေးစစ်ဌာနနှင့် ခွဲစိပ်ခန်းသုံး ပစ္စည်းများ နှစ်လစာဝယ်ယူရန် အတွက် စုစုပေါင်းအလှူငွေ ၇၀၈ သိန်း ကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် အဌမအကြိမ်မြောက် မဟာမဲခေါင် ဒေသခွဲ ထိပ်သီးအစည်းအဝေး (GMS)၊ (၁၀)ကြိမ် မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီး အစည်းအဝေး(ACMECS)နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်း ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး(CLMV)တို့ တက်ရောက်စဉ်အတွင်း တရုတ်ဝန်ကြီးချုပ် မစ္စတာလီချန်းနှင့်တွေ့ဆုံ၍ မူဆယ်-မန္တလေး- ကျောက်ဖြူ ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်း ဆောင်ရွက်မှုစီမံကိန်းများအပြင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ သည် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကျရောက် သည့် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံပေးပို့သော သဝဏ်လွှာတွင် "အခွင့်အခါ ကြုံခိုက် မကြာသေးမီက မြန်မာနိုင်ငံတွင် ငလျင် လှုပ်ခတ်မှုအပြီး လူသားချင်းစာနာထောက်ထား သည့်အကူအညီများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကို လှိုက်လှဲစွာကျေးဇူးတင် ရှိပါသည်။ ယင်းသို့ ကူညီရိုင်းပင်းမှုများက ဘေးဒုက္ခ ကြုံတွေ့ရချိန်တွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲ သည့် ချစ်ကြည်ရင်းနှီးမှုနှင့် စာနာနားလည်မှုတို့ကို ပြသလျက်ရှိခြင်းပင်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာ နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံ ပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါ သည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ် များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိ မည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကို ဖော်ထုတ် နိုင်ရေးအတွက် အဆွေတော်နှင့်အတူဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါ သည်" စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးပို့သော သဝဏ်လွှာတွင် "တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက် မှုက တရုတ်နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံ ရေးထူထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်ဝန်း နှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသား ယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ တရုတ်-မြန်မာ အေးအတူ ပူအမျှအသိုက်အဝန်း တည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် အကျိုးစီးပွားများကို အတူတကွဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်" စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်လီချန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့သည် မြန်မာ- တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ် မြောက်အထိမ်းအမှတ် အခါသမယတွင် သဝဏ်လွှာ များ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

**"ကျွန်ုပ်က မြစ်ဖျားမှာနေပြီး အဆွေတော်က**
**မြစ်အောက်ပိုင်းမှာနေတယ်။**
**တစ်မြစ်ထဲကရေကို အတူသောက်သုံး၊**
**အပြန်အလှန်သံယောဇဉ်အနန္တ။**
**ကျွန်ုပ်ချောင်းဖျားကရေကို သောက်သုံးသလို၊**
**အဆွေတော်က ချောင်းအောက်ပိုင်းကရေကို**
**သောက်ပါတယ်။**
**ချောင်းငယ် ထာဝရစီးဆင်းနေသမျှ၊**
**အချင်းချင်းသာယာလှပခြင်းကို**
**ရှုစားခံစားနိုင်တယ်။**
**အချင်းချင်းအိမ်နီးချင်းပေမို့၊**
**ချစ်ကြည်ရင်းနှီးမှုကို**
**ရေရှည်တည်ဆောက်ကြမယ်လေ"**

၁၄ - ၁၂ - ၁၉၅၇ ရက်နေ့တွင် နိုင်ငံခြားရေး ဝန်ကြီး မာရှယ်ချင်ယီ ရေးဖွဲ့ခဲ့သော **"မြန်မာမိတ်ဆွေ များသို့"**ဟူသည့် သမိုင်းဝင်ချစ်ကြည်ရေးကဗျာတေး သွားသည် မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံ ရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် ပြန်လည်သက်ဝင်နိုးထလာခဲ့ပါသည်။

ခေတ်အဆက်ဆက် လက်ချင်းယှက်၍ ရင်းနှီး ချစ်ကြည်ခဲ့ကြသော မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးသည် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ စေသားဟူ၍ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇွန် ၉**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ သင်္ဘောများဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဘက်စုံသုံး ဆိပ်ကမ်းတွင် အမ်ဗွီရဲထွန်းအောင်(၁) သင်္ဘောတွင် ဆန်နှင့် အခြေခံစားသုံးကုန်ပစ္စည်းများ ကုန်တင်ကုန်ချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘောနှင့် အမ်ဗွီအောင်ရတနာငွေ သင်္ဘောတို့ပေါ်မှဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန်များ ကုန်တင်ကုန်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ အလားတူ စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဆိပ်ကမ်း၌ အမ်ဗွီမင်းခန့်ဖြိုးသင်္ဘောပေါ်မှ ဆန်နှင့် အခြေခံစားသောက်ကုန်များကို ကုန်တင်ကုန်ချပြုလုပ်လျက်ရှိသည်။

စစ်တွေမြို့တွင် ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီရဲထွန်းအောင်(၁)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၈၉၉ ဒသမ ၇ တန်၊ အမ်ဗွီအောင်ရတနာသီရိ(၁) သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၁၅၀၊ အမ်ဗွီအောင်ရတနာငွေ သင်္ဘောတွင် ဆန်၊ စားသုံးဆီနှင့် အခြေခံစားသောက်ကုန် ပစ္စည်းများ တန်ချိန် ၁၁၀၅ တန်၊ အမ်ဗွီမင်းခန့်ဖြိုးသင်္ဘောတွင် ဆန်နှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများ တန်ချိန် ၃၃၇ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ပစ္စည်းများကို ကုန်တင်ကုန်ချ ပြုလုပ်ရာ၌ ယာယီနေရပ်စွန့်ခွာစခန်းများတွင် နေထိုင်ကြသည့် ပြည်သူများ ဝင်ရောက်လုပ်ကိုင်နေမှုနှင့် ဆက်လက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးဦးရဲတင့် ပြင်ဦးလွင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ပြင်ဦးလွင် ဇွန် ၉**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာကြိုးစားသင်ယူကြရေး၊ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြစ်အောင်ကြိုးစားရေး၊ စာပေလေ့လာဖတ်ရှုပြီး ဗဟုသုတပြည့်ဝကာ စာတတ်ရုံသာမက ပညာပြည့်ဝသူများဖြစ်အောင် ကြိုးစားရေး၊ ကျောင်းသားဝတ္တရား၊ သားသမီးဝတ္တရား ကျေပွန်သော လူငယ်များဖြစ်စေရေး၊ မိဘဆရာများနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိသူများ၊ နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသည့် အားကစားပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ကျောင်းစာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုပြီး ကျောင်းသားကျောင်းသူများအတွက် စာဖတ်ခြင်းမှ အကျိုးကျေးဇူးရရှိစေမည့် ဆွေးနွေးဟောပြောမှုများ ဖြစ်စေရေး၊ စာဖတ်ရိုန်မြှင့်တင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်သူ၊ စာငှားသူ တိုးတက်ရေးနှင့် စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှုမရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဇုန်နယ်မှူးနှင့် စက်ရုံမှူးတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိပြီး စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းအသုံးပြုရေး၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ်မဖြစ်စေရေးတို့ကို မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ(ဆဋ္ဌမအကြိမ်) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ လုပ်ငန်းကော်မတီဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက ဗီဒီယိုကွန်ဖရန့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းသူက လုပ်ငန်းကော်မတီအနေဖြင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါ သယံဇာတထိန်းသိမ်းရေးဆိုင်ရာများအနက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ အတည်ပြုနိုင်ရေး တင်ပြထားပြီးဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း (ICM) ပထမ ငါးနှစ်စီမံချက် ရေးဆွဲအကောင်အထည်ဖော်မှုကို ဗဟိုကော်မတီ (သတ္တမအကြိမ်) အစည်းအဝေး တင်ပြမည်ဖြစ်ကြောင်းနှင့် အခြားဌာနများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြနိုင်ရေး တိုက်တွန်းပါကြောင်း။

ကမ်းရိုးတန်းနေ လူမှုအသိုက်အဝန်းမြှင့်တင်ရန် ICM ကို အကောင်အထည်ဖော်ခြင်း၊ ဂေဟစနစ်အခြေပြု ချဉ်းကပ်နည်းကျင့်သုံးခြင်း၊ ရေရှည်တည်တံ့သော ငါးဖမ်းခြင်းအလေ့အကျင့်ကို တွန်းအားပေးခြင်း၊ အစားထိုးအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖော်ဆောင်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကိုအသက်ဝင်လာအောင် ဆောင်ရွက်ခြင်း၊ ပင်လယ်ပြင် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေသည့် မဟာဗျူဟာများ ဖော်ထုတ်ခြင်းတို့ကို အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမှာစကားပြောကြားပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတထိန်းသိမ်းရေးရာ အသိပညာပေးဗီဒီယိုပြသသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကာ ဒုတိယဝန်ကြီး ဦးမင်းမင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၅၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍**
**အပတ်စဉ် သတင်းထုတ်ပြန်ချက်**
**(၉-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁-၆-၂၀၂၅) ရက်နေ့၊ ည (၈:၀၁)နာရီမှ (၈-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁ ဒသမ ၄၄) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- ❖ အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှင့်အထက်)၊
- ❖ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ❖ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်) ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)နှင့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(အခြေခံ)ဖွင့်ပွဲ အခမ်းအနားများ တက်ရောက်

**မုံရွာ ဇွန် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ စေတနာရှင်အလှူရှင်များက ငွေကျပ် ၆၁ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက သင်တန်းသား သင်တန်းသူများအတွက် တစ်ကိုယ်ရေသုံးပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြု လေ့ကျင့်ရေးပစ္စည်းများ၊ အားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး Incubation Centre ၌ ကျင်းပသည့် စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း(အခြေခံ) ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စက်ချုပ်နည်းပညာသင်တန်း (အခြေခံ)နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း(အခြေခံ)သို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများထံ သင်တန်းတွင်အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့်



သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကာ စာမေးပွဲဆိုင်ရာများလျှောက်ထား၍ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး သတ်မှတ်ကျောင်းဆောင်များ၌ ၂၀၂၅ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုများကို လှည့်လည်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး စာကြည့်တိုက်လုပ်ငန်းများကြည့်ရှုစစ်ဆေး

**ထားဝယ် ဇွန် ၉**

တနင်္သာရီတိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဝန်ထမ်းများရုံးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်သူ့ဝန်ဆောင်မှုပေးနေသော စာကြည့်တိုက်လုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။



**ရှင်းရှင်းနီးနီးတွေ့ဆုံ**

ဦးစွာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က ရုံးဝန်ထမ်းများ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ မြို့နယ်ရုံးမှ ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ပေးထားမှု အခြေအနေ၊ ပြည်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုပေးနေမှု အခြေအနေ၊ သုတရသ စာအုပ်စာစောင်များကို တိုက်ပိုင်/မျိုးတူစုအလိုက် ဗီရိုများဖြင့် ခွဲခြားထား၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ DLMS ရေးသွင်းနေမှု အခြေအနေများနှင့် Reader’s Paradise Application Software အား Playstore တွင် Download ဆွဲ၍ စာအုပ်များကို ဖတ်ရှုလေ့လာနိုင်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ စာအုပ်လာရောက် ငှားရမ်းရာတွင် လွယ်လင့်တကူ ရှာဖွေနိုင်အောင် ဆောင်ရွက်ပေးထားရန် လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ ပညာရပ်များ တစ်ခုချင်းအလိုက် သုတရသ စာအုပ်စာရင်းများကို Digital Library Management System (DLMS)စနစ်ဖြင့် ရေးသွင်းသည့်အတွက် အချိန်ကုန်သက်သာပြီး ကောင်းမွန်ကြောင်း ပြောကြားကာ ဝန်ထမ်းများအား ရင်းရင်းနီးနီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်

**လှည်းကူး ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ၊ မျိုးစေ့ဆိုင်ရာ ရှင်းလင်းခြင်းနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးသီးနှံကာကွယ်ရေး တာဝန်ခံ ဦးမိုးခိုင်က ပိုးသတ်ဆေးဥပဒေအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီးမြေအသုံးချတာဝန်ခံ ဒေါ်မြင့်မြင့်မော်က မြေသြဇာဥပဒေအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီးမျိုးစေ့တာဝန်ခံ ဒေါ်ဆွေဆွေဦးက မျိုးစေ့ဥပဒေအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး/ခရိုင်ပညာရှင်များက သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအကြောင်းကို လည်းကောင်း တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥပဒေဆိုင်ရာနှင့် တောင်သူပညာပေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



စာအုပ်စာပေ လူ့မိတ်ဆွေ ⬬ စာပေမြင့်မှ လူမျိုးတင့်မည်

# တံခါးပိတ်လာနေတဲ့ အမေရိကန်

နိုင်ငံတကာရေးရာ သုတေသီတစ်ဦး

**အမေရိကန်က အခုဆို ဖြည်းဖြည်းချင်း တံခါးပိတ်လာနေပါတယ်။ တံခါးပိတ်လာနေတယ်ဆိုတာ မြောက်ကိုရီးယားတို့၊ ကျူးဘားတို့လို လုံးလုံးတံခါးပိတ်တာမျိုးကို ပြောတာမဟုတ်ပါဘူး။ အရင်ကထက်စာရင် အပြင်နဲ့ဆက်ဆံရေးကို သိပ်ဂရုမစိုက်တော့ဘဲ သူ့ယိုပေါက်တွေကို ပိတ်နေတာပေါ့။ အချို့ကလည်း ရှေ့တစ်လှမ်းတိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်တယ်လို့ မြင်ကြပါတယ်။ အခုဆို အမေရိကန်မှာ ထရမ့်သမ္မတဖြစ်ပြီးနောက်ပိုင်း အပြောင်းအလဲတွေ အများကြီးဖြစ်တယ်။ အထူးသဖြင့် ပြည်ပဆက်ဆံရေးဆိုင်ရာတွေမှာ ခပ်ကြမ်းကြမ်းကိုင်တွယ်တယ်။**

ပညာရေးပိုင်းမှာဆိုရင် တက္ကသိုလ်တွေမှာ ဆန္ဒပြပွဲတွေပြုလုပ်ရင် ခေါင်းဆောင်တွေကိုဖမ်းဆီးတယ်။ နိုင်ငံခြားသားကျောင်းသားတွေဆိုရင် နေရပ်ရင်းကို ပြန်လွှတ်တယ်။ သူတို့ဗီဇာတွေ ရုပ်သိမ်းတယ်။ အမေရိကန်တက္ကသိုလ်တွေမှာ တက်နေတဲ့ အချို့နိုင်ငံခြားသားကျောင်းသားတွေကို စောင့်ကြည့်တယ်။ လိုအပ်ရင် လမ်းပေါ်မှာတင် ဖမ်းဆီးထိန်းသိမ်းတယ်။ အခုနောက်ဆုံး ထိပ်တန်းတက္ကသိုလ်ကြီးတစ်ခုဖြစ်တဲ့ ဟားဗတ်အထိ တင်းကျပ်မှုတွေပြုလာတယ်။

လူမှုရေးပိုင်းမှာလည်း ပြည်ပကနေ တရားမဝင်ဝင်ရောက်တဲ့သူတွေကို တင်းတင်းကျပ်ကျပ် စိစစ်တယ်။ နေရပ်ရင်း ပြန်ပို့တယ်။ လက်မခံတဲ့ နိုင်ငံတွေကို ဖိအားပေးတယ်။ လိုအပ်ရင် အရေးယူပိတ်ဆို့တယ်။ စီးပွားရေးမှာဆိုလည်း ပြီးခဲ့တဲ့ ဧပြီလထဲမှာ လွတ်မြောက်ရေးနေ့ (Liberation Day) အဖြစ်ကြေညာပြီး တစ်ကမ္ဘာလုံးကို ကုန်သွယ်ရေးစစ်ကြေညာတယ်။ သွင်းကုန် အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံတယ်။ တစ်နိုင်ငံချင်း ညှိနှိုင်းမှုတွေပြုလုပ်တယ်။ တောင်းဆိုမှုတွေ လိုက်လျောရင် အခွန်လျှော့ပေးတယ်။ မလိုက်လျောရင် အခွန်ထပ်မံတိုးမြှင့်တယ်။ နိုင်ငံရေးမှာ၊ နိုင်ငံတကာဆက်ဆံရေးမှာဆိုလည်း ထရမ့်နဲ့ အိမ်ဖြူတော်လာတဲ့ အချို့နိုင်ငံခြားခေါင်းဆောင်တွေ အချေအတင်ဖြစ်တယ်။ အော်ကြီးဟစ်ကျယ် ငြင်းခုံစကားများကြတယ်။

> **မီဒီယာတွေမှာ ထရမ့်က ချုံခိုတိုက်ခိုက်တဲ့သဘောအထိ တင်စားရေးသားကြတယ်။ အခု နိုင်ငံခြားခေါင်းဆောင်တွေဆိုရင် အမေရိကန်ကိုလာဖို့ တွန့်ဆုတ်နေကြတယ်။ ထရမ့်နဲ့တွေ့ရင် ဘာတွေဖြစ်လာနိုင်မလဲဆိုတာ တွက်ဆကြတယ်။ ပနားမားတူးမြောင်းလို၊ မက္ကဆီကိုပင်လယ်ကွေ့လိုနေရာတွေကိုလည်း တစ်ဖက်သတ် အမည်ပြောင်းတယ်။ အိမ်နီးချင်း ကနေဒါနိုင်ငံနဲ့ အဝေးက ဂရင်းလန်ကျွန်းကြီးအထိ မျက်စောင်းထိုးတယ်။ ဆိုရင် ထရမ့် ဦးဆောင်မှုအောက်က အမေရိကန်နိုင်ငံဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဘက်ပေါင်းစုံမှာ တံခါးတွေပိတ်လာနေတယ်။ အရင်လူတွေသိတဲ့ အမေရိကန်မဟုတ်တော့ဘူး။ အမေရိကန်အသစ်ဖြစ်သွားပြီ**

မီဒီယာတွေမှာ ထရမ့်က ချုံခိုတိုက်ခိုက်တဲ့ သဘောအထိ တင်စားရေးသားကြတယ်။ အခု နိုင်ငံခြားခေါင်းဆောင်တွေဆိုရင် အမေရိကန်ကို လာဖို့ တွန့်ဆုတ်နေကြတယ်။ ထရမ့်နဲ့တွေ့ရင် ဘာတွေဖြစ်လာနိုင်မလဲဆိုတာ တွက်ဆကြတယ်။ ပနားမားတူးမြောင်းလို၊ မက္ကဆီကိုပင်လယ်ကွေ့လို နေရာတွေကိုလည်း တစ်ဖက်သတ် အမည်ပြောင်းတယ်။ အိမ်နီးချင်း ကနေဒါနိုင်ငံနဲ့ အဝေးက ဂရင်းလန်ကျွန်းကြီးအထိ မျက်စောင်းထိုးတယ်။ ဆိုရရင် ထရမ့် ဦးဆောင်မှုအောက်က အမေရိကန်နိုင်ငံဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ဘက်ပေါင်းစုံမှာ တံခါးတွေပိတ်လာနေတယ်။ အရင်လူတွေသိတဲ့ အမေရိကန်မဟုတ်တော့ဘူး။ အမေရိကန်အသစ်ဖြစ်သွားပြီ။ ဘာကြောင့် အမေရိကန်ဟာ အဲဒီလောက် မြန်မြန်ဆန်ဆန်ကြီး ပြောင်းလဲသွားရတာလဲ။

### အမေရိကန်ရဲ့အနာဂတ်အတွက် စိုးရိမ်ပူပန်နေပါပြီဆိုပြီး ထုတ်ဖော်လာကြ

အမှန်ကတော့ အမေရိကန် တံခါးပိတ်သွားပြီဆိုတဲ့ ထင်မြင်သုံးသပ်မှုတွေက ထရမ့် ပထမအကြိမ် ရွေးကောက်ပွဲနိုင်ခဲ့တဲ့အချိန် (၂၀၁၆ - ၂၀၂၀) ကလည်း ထွက်ပေါ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း အခုလိုပဲ လူဝင်မှုတွေတင်းကျပ်၊ ဒုက္ခသည်တွေကို ဟန့်တား၊ သွင်းကုန် အခွန်တွေ တိုးကောက်၊ နိုင်ငံခြားရေးမူဝါဒတွေ အပြောင်းအလဲတွေလုပ်ခဲ့လို့ အမေရိကန် တံခါးပိတ်နေပြီဆိုပြီး သတင်းမီဒီယာတွေက ရေးသားခဲ့ကြပါတယ်။ သို့သော် အခု ဒုတိယအကြိမ်မှာတော့ အရင်နဲ့မတူတော့ပါဘူး။ အရင် ပထမအကြိမ် လေးနှစ်သက်တမ်းမှာ မလုပ်နိုင်ခဲ့တဲ့တင်းကျပ်မှုတွေကို အခု ဒုတိယသက်တမ်း ခြောက်လမပြည့်ခင်မှာကို ချမှတ်လုပ်ဆောင်နေပါပြီ။ ဒါကြောင့်လည်း ကမ္ဘာကျော် နိုင်ငံရေးသိပ္ပံပညာရှင်တွေဖြစ်တဲ့ ဖရန်စစ် ဖူကူယားမား (Francis Fukuyama) တို့လိုလူမျိုးတွေက သူတို့ ဒီတစ်ခေါက် တကယ်ကို အမေရိကန်ရဲ့အနာဂတ်အတွက် စိုးရိမ်ပူပန်နေပါပြီဆိုပြီး ထုတ်ဖော်လာကြပါတယ်။

ဒီတစ်ခေါက် တကယ်ကို စိုးရိမ်ပူပန်တယ်ဆိုတော့ အရင်အခေါက်တွေကကော စိုးရိမ်ပူပန်ခဲ့သလားဆိုရင် ထရမ့် ပထမအကြိမ် သမ္မတဖြစ်ခဲ့တုန်းကလည်း အဲဒီလိုပဲ အမေရိကန်က ထင်ရှားတဲ့ နိုင်ငံရေးလေ့လာသုံးသပ်သူတွေ၊ ပရော်ဖက်ဆာတွေ၊ သတင်းစာသမားတွေက အမေရိကန်ရဲ့ အနာဂတ်အတွက် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ခဲ့ကြဖူးပါတယ်။ ပညာရှင်တွေ စုပေါင်းပြီးတော့လည်း စာတွေထုတ်ပြန်ခဲ့ကြဖူးပါတယ်။ အဲဒီတုန်းကတော့ ထရမ့်ကို တစ်စုံတစ်ရာ တားဆီးနိုင်ခဲ့ပါတယ်။ အခု ဒုတိယအကြိမ်မှာတော့ ထရမ့်လုပ်သမျှကို လက်ပိုက်ကြည့်နေရတဲ့ အခြေအနေဖြစ်နေပါပြီ။ ဖရန်စစ် ဖူကူယားမားတို့ စကားငှားသုံးရမယ်ဆိုရင် တကယ်ကို စိုးရိမ်ပူပန်ရတဲ့အခြေအနေ ဖြစ်နေပြီပေါ့လေ။

### အမေရိကန်ဟာ ယိုပေါက်တွေများနေ

ထရမ့်ရဲ့အမြင်မှာက အမေရိကန်ဟာ ယိုပေါက်တွေများနေပါတယ်။ သူကတိပေးထားသလို Make America Great Again ဆိုတာ အတွင်းကယိုပေါက်တွေပိတ်မပစ်ဘဲ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း အမေရိကန်ကို အားနည်းစေမယ့်ကိစ္စတွေ စိစစ်ဖော်ထုတ်ပြီး အမေရိကန်ကို အားကောင်းစေမယ့်ကိစ္စတွေ လုပ်ဆောင်ပါတယ်။ အမေရိကန်အစိုးရဌာနတွေမှာ လူလျှော့တာ၊ မလိုတဲ့အသုံးစရိတ်တွေ ဖြတ်တောက်တာ၊ ဒုက္ခသည်ခေါ်ယူမယ့် အစီအစဉ်တွေကို ရပ်ဆိုင်းတာ၊ ထောက်ပံ့ကြေးလျှော့ချတာတွေ လုပ်ဆောင်ပါတယ်။ တစ်ဖက်မှာ အမေရိကန်ကို ပိုက်ဆံရှိသူတွေလာနိုင်မယ့် အစီအစဉ်တွေ ဖော်ဆောင်တာ၊ စစ်မှုထမ်းဟောင်းတွေအတွက် လူမှုရေးအသုံးစရိတ်တိုးသုံးတာ၊ ကာကွယ်ရေး အသုံးစရိတ်တိုးမြှင့်တာတွေ လုပ်ဆောင်ပါတယ်။ နောက်ဆုံး ပညာရေးဝန်ကြီးဌာနကို ဖျက်သိမ်းဖို့ ညွှန်ကြားတာ၊ အစိုးရအကူအညီပေးရေးအေဂျင်စီတွေ၊ အစိုးရအသံလွှင့်ဌာနတွေ ပိတ်ပစ်ဖို့အထိ လုပ်ဆောင်ပါတယ်။

အမှန်တော့ ထရမ့်က ဒီအစီအစဉ်တွေအားလုံးကို အရင်ကတည်းက အကောင်အထည်ဖော်ချင်ခဲ့တာဖြစ်ပါတယ်။ သို့သော် သူ့အရင် ပထမသက်တမ်းက လေးနှစ်တည်းနဲ့ အဆုံးသတ်သွားတော့ အဲဒီလေးနှစ်ကာလအတွင်း လုပ်ခဲ့တဲ့ကိစ္စ အတော်များများကလည်း သူ့နောက် ဒီမိုကရက်တစ်သမ္မတ ဂျိုးဘိုင်ဒင်က ပယ်ဖျက်ခဲ့တာမို့ အခုမှ တစ်ကပြန်စရသလိုဖြစ်ပါတယ်။ ဒါကြောင့် အခွင့်သင့်တိုင်း အရင်သမ္မတ ဘိုင်ဒင်ကို အပြစ်တင်ပါတယ်။ တစ်ခါက ထရမ့်က မဲဆွယ်ပွဲမှာ သွေးကိုအဆိပ်ခတ်တယ်ဆိုတဲ့စကားတစ်ခွန်း သုံးခဲ့ဖူးပါတယ်။ အမေရိကန်ကို တရားမဝင် ဝင်ရောက်လာတဲ့ ကမ္ဘာအရပ်ရပ်ကလူတွေဟာ အကျဉ်းထောင်တွေ၊ စိတ်ပိုင်းဆိုင်ရာဆေးရုံတွေက လာတဲ့သူတွေဖြစ်တယ်။ အမေရိကန်တွေနဲ့ ရောနှောနေထိုင်ပြီး အမေရိကန်လူ့အဖွဲ့အစည်းကို အဆိပ်ခတ်သူတွေဖြစ်တယ်၊ အမေရိကန်ကို အားနည်းစေသူတွေဖြစ်တယ်ဆိုပြီး စွပ်စွဲပါတယ်။

ဒါ့အပြင် DEI လို မတူကွဲပြားမှု၊ ကျား၊ မ သာတူညီမျှမှု၊ ယဉ်ကျေးမှုပေါင်းစုံ အားလုံးပါဝင်မှု စတဲ့ အစီအစဉ်တွေဟာ အမေရိကန်အဖွဲ့အစည်းတွေနဲ့ စစ်တပ်ကို အားနည်းစေတယ်၊ ကန့်ကလျဖြစ်စေတယ်၊ အားကောင်းမောင်းသန် မဖြစ်စေဘူးဆိုပြီး ရှုမြင်ပါတယ်။ ဒါကြောင့် အဲဒီယိုပေါက်တွေကိုလည်း သဲသဲမဲမဲ တားဆီးပိတ်ပင်ပါတယ်။ ထရမ့်ရဲ့အမြင်ဟာ မှားတယ်လို့ ပြောလို့မရပါဘူး။ Make America Great Again ဆို စစ်သွေးစစ်မာန်ကြွဖို့ လိုတယ်ကိုး။

### သူ့ပြိုင်ဘက်တွေကိုလည်း အားနည်းဖို့လို

ဆိုတော့ အဲဒီယိုပေါက်တွေ ပိတ်ပြီးတော့ ဘာလုပ်မှာလဲ။ ယိုပေါက်ပိတ်ရုံတင်မဟုတ်ဘူး။ သူ့ပြိုင်ဘက်တွေကိုလည်း အားနည်းဖို့လိုတယ်။ အထူးသဖြင့် ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံပေါ့။ ရုရှားကတော့ ဥရောပနဲ့ထိန်းလို့ရတယ်။ တရုတ်နိုင်ငံက ထိန်းချုပ်ဖို့ ခက်ခဲတယ်လို့ အမြင်ရှိပါတယ်။ ဒါကြောင့်လည်း ထရမ့်ဟာ သူ့အစီအစဉ်တိုင်းမှာ တရုတ်နိုင်ငံ အားဖြစ်စေမယ့်အရာတွေကို ပိတ်ဆို့ဖို့လုပ်ဆောင်ပါတယ်။ သေချာကြည့်ရင် သွင်းကုန် အခွန်တိုးကောက်တာကနေ ဟားဗတ်တက္ကသိုလ်အထိ ထရမ့်အစီအစဉ်တွေအားလုံးနီးပါးက တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ဖြစ်ပါတယ်။ အခု ထရမ့်က နိုင်ငံအသီးသီးကို အခွန်တိုးကောက်တဲ့အခါ နိုင်ငံတွေက အမေရိကန်နဲ့ ညှိနှိုင်းရပါတယ်။ ညှိနှိုင်းစဉ်ကာလမှာ အမေရိကန်ဘက်က တောင်းဆိုချက်တစ်ခုက တရုတ်နိုင်ငံနဲ့ စီးပွားကုန်သွယ်ဆက်ဆံမှု လျှော့ချဖို့၊ တရုတ်စက်မှု သွင်းကုန်တွေ မဝယ်ယူဖို့ဖြစ်ပါတယ်။ အခု ဗီယက်နမ်နိုင်ငံကိုလည်း တရုတ်နိုင်ငံနဲ့ အဆက်ဖြတ်ဖို့ အမေရိကန်က တောင်းဆိုပါတယ်။ ဟားဗတ်ဆိုလည်း အကြောင်းပြချက်က အမေရိကန်အစိုးရ တောင်းဆိုချက်တွေ မလိုက်လျောလို့ဆိုပေမယ့် နောက်ကွယ်က အကြောင်းအချက်တစ်ခုက ဟားဗတ်မှာတက်နေတဲ့ တရုတ်ကျောင်းသားတွေက တရုတ်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရှိတယ်၊ တရုတ်ကွန်မြူနစ်ပါတီအပေါ် သစ္စာခံတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

### တစ်ချိန်က မျှော်လင့်ချက်နဲ့ချစ်ခဲ့ပေမယ့် အခုမုန်းတဲ့အခါ တစ်ဆုံးလို့ ပြောရမယ်ထင်

အိမ်ဖြူတော်ရဲ့ တရားဝင်သတင်းအချက်အလက်စာတမ်းထဲမှာ ဟားဗတ်ဟာ တရုတ်ကွန်မြူနစ်ပါတီ တာဝန်ရှိသူတွေအတွက် ဦးစားပေးပညာရေးအဖွဲ့အစည်းဖြစ်တယ်၊ လက်ရှိ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်ရဲ့သမီးဟာ ၂၀၁၀ ပြည့်နှစ်တွေမှာ ဟားဗတ်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားခဲ့တယ်ဆိုပြီး ဖော်ပြထားပါတယ်။ အမေရိကန်မှာ တရုတ်ကျောင်းသားတွေ ပညာသင်ပြီး တရုတ်နိုင်ငံပြန်တဲ့အခါ တရုတ်ပညာတတ်တွေကတစ်ဆင့် တစ်ချိန်မှာ တရုတ်နိုင်ငံ ဒီမိုကရေစီဘက် ပြောင်းလဲလာမယ်လို့ ထင်မှတ်မျှော်လင့်ခဲ့တဲ့ အမေရိကန်ဟာ အခုတော့ စိတ်လျှော့လိုက်ပါပြီ။ တစ်ချိန်က မျှော်လင့်ချက်နဲ့ချစ်ခဲ့ပေမယ့် အခုမုန်းတဲ့အခါ တစ်ဆုံးလို့ ပြောရမယ်ထင်ပါတယ်။

ဟားဗတ်တင် မဟုတ်ဘူး။ တရုတ်ကျောင်းသားတွေရဲ့ အမေရိကန်ကျောင်းတက်ခွင့်တွေကို ဗီဇာကန့်သတ်တင်းကျပ်မှုတွေ လုပ်လာပါတယ်။ ဒါ့အပြင် ထရမ့်လက်ထက်မှာ နိုင်ငံတော်လုံခြုံရေး အကြောင်းပြချက်နဲ့ အမေရိကန်မှာ တရုတ်ရဲ့ မြေပိုင်ဆိုင်မှု၊ အိမ်ရာပိုင်ဆိုင်မှုတွေကိုလည်း ပိုမိုတင်းကျပ်လာပါတယ်။ ထရမ့်က ကနေဒါနိုင်ငံနဲ့ ဂရင်းလန်ကျွန်းကို မျက်စောင်းထိုးတာကလည်း တရုတ်ရန်ကြောင့်လို့ လူပြောများပါတယ်။ ဆိုလိုတာက ကနေဒါမှာ တရုတ်လူမျိုးတွေများနေပြီ၊ ကြာရင် တရုတ်က လွှမ်းမိုးသွားလိမ့်မယ်၊ ဂရင်းလန်ကလည်း လူဦးရေနည်းပါးတော့ ရုရှားနဲ့တရုတ်တို့ လက်ထဲ ကျသွားနိုင်တယ် စသဖြင့် လုံခြုံရေးအမြင်တွေရှိပါတယ်။ တရုတ်နိုင်ငံဟာ သူ့ရင်းနှီးမြှုပ်နှံမှုတွေကို နိုင်ငံတကာမှာ ဖြန့်ကြက်ထားတဲ့အတွက် တရုတ်စက်ရုံ၊ တရုတ်ရင်းနှီးမြှုပ်နှံမှုရှိတဲ့ နေရာတိုင်းကို ပြဿနာရှာမယ့်သဘောမှာ ရှိပါတယ်။ အမေရိကန်အားဖြစ်စေဖို့ဆိုရင် ထရမ့်က ဘာမဆိုလုပ်မယ့်သဘောရှိပါတယ်။

ပြီးခဲ့တဲ့လက ထရမ့် ကာတာနိုင်ငံကို အလည်အပတ်သွားစဉ် ကာတာတော်ဝင်မိသားစုက အမေရိကန်ကို ဇိမ်ခံလေယာဉ်ကြီးတစ်စင်း လက်ဆောင်ပေးပါတယ်။ ထရမ့်ကလည်း လက်ခံရယူပါတယ်။ အဲဒီလို လက်ဆောင်ယူတာနဲ့ပတ်သက်ပြီး သူ့ကို ဝေဖန်ကြတဲ့အခါ အမေရိကန်က ကာတာနိုင်ငံကို နှစ်ပေါင်းများစွာ လုံခြုံအောင် စောင့်ရှောက်ခဲ့တယ်။ အခု သူတို့က ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အမေရိကန်ကို လေယာဉ်လက်ဆောင်ပြန်ပေးတယ်။

စာမျက်နှာ ၁၁ သို့ ☆

# ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး ဖွင့်ပွဲအခမ်းအနားကျင်းပ





ပုသိမ် ဇွန် ၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးကြပ်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့်ဖွင့်လှစ်သော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

## ပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဧရာဝတီတိုင်းဒေသကြီးသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော တိုင်းဒေသကြီးဖြစ်ပြီး ယခင်နှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကမ်းခြေများ၊ အထင်ကရနေရာများ၊ တန်ခိုးကြီးဘုရားစေတီပုထိုးများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၆ သိန်းကျော် စံချိန်တင်လာရောက် လည်ပတ်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်အသစ်များဖော်ထုတ်ခြင်း၊ ချောင်းသာ၊ ရွှေသောင်ယံ၊ ငွေဆောင်၊ ဂေါ်ရန်ဂျီ ကမ်းခြေများကို အခြေခံ၍ ခရီးသွားဇုန်များဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်လျက်ရှိကြောင်း၊ ငွေဆောင်ကမ်းခြေသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုလာရောက် လည်ပတ်သည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုသော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများမှာလည်း အရေးကြီးပါကြောင်းနှင့် ဟိုတယ်နှင့် ကမ်းခြေဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးစဉ်ဒေသများ ဈေးကွက်မြှင့်တင်ကြော်ငြာရေးအတွက် စီစဉ်ရိုက်ကူးထားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနရှိ TV Channel များတွင် ထုတ်လွှင့်ပေးလျက်ရှိသည့် ငွေဆောင်ကမ်းခြေဒေသ ခရီးစဉ်မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း လေးမျိုးကို ငွေဆောင်ဟိုတယ်ဇုန်၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ဟိုတယ်များက ပြီးပြည့်စုံသောဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဇွန် ၉ ရက်မှ ဇူလိုင် ၄ ရက်အထိ Food & Beverage(Service)၊ Food & Beverage (Production)၊ Front Office နှင့် Housekeeping သင်တန်းများကို သင်တန်းတစ်မျိုးလျှင် သင်တန်းသား ၃၀ စီဖြင့် သင်တန်းလေးမျိုးအတွက် သင်တန်းသား စုစုပေါင်း ၁၂၀ ကို တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ

ရန်ကုန် ဇွန် ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ရေဖြူမြို့နယ်အတွင်းတည်ရှိသော တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှုကို မှတ်တမ်းတင်တွေ့ရှိရကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီး သစ်တောဦးစီးဌာနသည် တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း ကင်မရာထောင်ချောက်များတပ်ဆင်၍ ဇီဝမျိုးစုံမျိုးကွဲများနှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်မှုကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




အဆိုပါသဘာဝကြိုးဝိုင်းအတွင်း မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော အာရှဆင်၊ တောခွေးနှင့် မျိုးသုဉ်းလုနီးပါး ရင်ဆိုင်နေရသည့် သင်းခွေချပ်အပြင် အင်းကျား၊ ကြံ့သူတော်၊ ကျားသစ်နက်၊ ကြောင် မြင်း၊ မလေးဝက်ဝံနှင့် အင်ဒိုချိုင်းနားကျားစသည့်မျိုးစိတ်များလည်း ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

ထို့ပြင်မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော ငှက်မျိုးစိတ်သုံးမျိုးနှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်လုနီးပါးရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ၁၀ မျိုးအပါအဝင် ငှက်မျိုးစိတ်များစွာ တည်ရှိနေသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းကို တိုင်းဒေသကြီးမြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ အပူပိုင်းမုတ်သုံသစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ၂၀၀၅ ခုနှစ် မတ် ၃၀ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၁၈/၀၅ ထုတ်ပြန်၍ သတ်မှတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

သစ်တာဦးစီးဌာနသည် သဘာဝကြိုးဝိုင်းအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေဧက ၃၃၆၉၁၂ ဧက၊ ကြားခံထိန်းသိမ်းရေးနယ်မြေဧက ၇၉၉၅၂ ဧကနှင့် ဓာတ်ငွေ့ပိုက်လိုင်း ထိန်းသိမ်းရေးနယ်မြေဧက ၃၂၁၃ ဧကဟူ၍ ဇုန်နယ်မြေများ သတ်မှတ်ကာ စီမံအုပ်ချုပ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဒေသခံအခြေပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အလားအလာရှိသော သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခုဖြစ်ပြီး ရေချိုအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် တောတွင်းခရီးသွားလာခြင်း၊ လေ့လာရေးနှင့် သုတေသနပြုလုပ်ငန်းများကိုလည်း အကျိုးပြုလျက်ရှိသည်။

**ကိုထိုက်**

**ဓာတ်ပုံ - တနင်္သာရီသဘာဝကြိုးဝိုင်း**

☆ **စာမျက်နှာ ၁၀ မှ**

ယူရမှာပေါ့လို့ ခပ်ပြတ်ပြတ်ပဲတုံ့ပြန်ပါတယ်။ တောင်ကိုရီးယား၊ ဂျပန် စတဲ့နိုင်ငံတွေကိုလည်း နှစ်ပေါင်းများစွာ အမေရိကန်က စောင့်ရှောက်ခဲ့တာဖြစ်လို့ အမေရိကန်ကို တစ်စုံတစ်ခု ပြန်လည်ပေးစေလိုပါတယ်။ ထရမ့်က စီးပွားရေးသမားကိုး။ အခုနောက်ဆုံး ၂၀၂၅ ခုနှစ် မေလကုန်မှာ စင်ကာပူမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ISS Shangri–La Dialogue အာရှလုံခြုံရေးညီလာခံမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီး Pete Hegseth က အမေရိကန်သမ္မတ ထရမ့်ကို စင်ကာပူခေါင်းဆောင်ဟောင်း လီကွမ်ယုနဲ့ နှိုင်းယှဉ်ရင်း ထရမ့်ဟာ လီကွမ်ယုလို နိုင်ငံ့အကျိုးစီးပွားအတွက် လက်တွေ့ကျကျ စဉ်းစားလုပ်ဆောင်သူဖြစ်တယ်လို့ ဖော်ညွှန်းသွားပါတယ်။

**ရွှေကွန်ချာ (Golden Dome) ဆိုတဲ့ အကာအကွယ်ပေးမယ့်စနစ်တစ်ခု အကောင်အထည်ဖော်**

အခုဆို တံခါးပိတ်ရုံတင်မဟုတ်ဘူး။ အခု အမေရိကန်က ရွှေကွန်ချာ (Golden Dome) ဆိုတဲ့ အမေရိကန်ကို ပြင်ပနိုင်ငံတွေက နျူကလီးယားဒုံးကျည်တွေနဲ့ တိုက်ခိုက်လာရင် အကာအကွယ်ပေးမယ့်စနစ်တစ်ခု အကောင်အထည်ဖော်လာပါတယ်။ သဘောကတော့ အာကာသမှာ လက်နက်တွေ၊ ဂြိုဟ်တုတွေ ဖြန့်ကြက်တည်ဆောက်အခြေပြုပြီး အမေရိကန်ကို တိုက်ခိုက်လာမယ့် ဒုံးကျည်တွေကို ပစ်ချဖို့ဖြစ်ပါတယ်။ အခုစနစ်ဟာ တစ်ချိန်က စစ်အေးတိုက်ပွဲကာလ နာမည်ကျော် အမေရိကန်သမ္မတ ရော်နယ်ရေဂင် (Ronald Reagan) သူ့ပြိုင်ဘက် ဆိုဗီယက်ယူနီယံရဲ့ နျူကလီးယားတိုက်ခိုက်မှုကို အကာအကွယ်ပေးဖို့ တည်ဆောက်ခဲ့တဲ့ စတားဝါး (Star Wars) ဆိုတဲ့ အာကာသအခြေစိုက် ကာကွယ်ရေးစနစ်ကို ပြန်ပြောင်းအမှတ်ရစရာ ဖြစ်စေပါတယ်။ နောက်မှသိရတာ အဲဒီအစီအစဉ်ဟာ ပြိုင်ဘက် ဆိုဗီယက်ပြည်ထောင်စုကို ငွေကုန်ကြေးကျများအောင် လှည့်စားတဲ့ အစီအစဉ်တစ်ရပ်သာဖြစ်ခဲ့ကာ ဆိုဗီယက်က အဟုတ်မှတ်ပြီး အမေရိကန်စတားဝါးကို လိုက်လံတုပ၊ အာကာသမှာ အပြိုင်အဆိုင် လက်နက်တပ်ဆင်ဖို့လုပ်တဲ့အခါ ငွေကြေးကုန်ကျမှုတွေ များလွန်းတာကြောင့် ဆိုဗီယက်ပြည်တွင်းမှာ စီးပွားရေးပြဿနာတွေ ကြုံတွေ့လာရပြီး နောက်ဆုံး အစိုးရနဲ့ ပြည်ထောင်စုကြီးပါ ပြိုကွဲသွားတယ်ဆိုတဲ့ လူပြောများတဲ့သမိုင်းရှိခဲ့ပါတယ်။ အခုလည်း ရွှေကွန်ချာလား၊ လေကွန်ချာလားဆိုတာကတော့ အချိန်ကပဲ အဖြေပေးသွားပါလိမ့်မယ်။

**❝ အခု အမေရိကန်ဟာ တံခါးပိတ်လာနေတယ်ဆိုတာ အင်အားစုဆောင်းတဲ့ သဘောဆောင်ပါတယ်။ ပြန်လည်စုစည်း စုဖွဲ့နေတဲ့သဘောဖြစ်ပါတယ်။ ထရမ့် မကြာခဏအသုံးပြုနေတဲ့ Common Sense ဆိုတာ လက်တွေ့ကျမှုအပေါ် အခြေခံပါတယ်။ တစ်နေ့ အဲဒီတံခါးဟာ ဝုန်းခနဲပွင့်လာပါလိမ့်မယ်။ သူဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ အတိအလင်းဖော်ပြခဲ့ပြီးဖြစ်တာမို့ တံခါးဆောင့်တွန်းဖွင့်လာခဲ့ရင် အဲဒီနေ့ဟာ လူ့သမိုင်းရဲ့ နိဂုံးအစလည်းဖြစ်သွားနိုင် ❞**

ချုပ်ပြီးဆိုရရင် အခု အမေရိကန်ဟာ တံခါးပိတ်လာနေတယ်ဆိုတာ အင်အားစုဆောင်းတဲ့ သဘောဆောင်ပါတယ်။ ပြန်လည်စုစည်း စုဖွဲ့နေတဲ့ သဘောဖြစ်ပါတယ်။ ထရမ့် မကြာခဏအသုံးပြုနေတဲ့ Common Sense ဆိုတာ လက်တွေ့ကျမှုအပေါ် အခြေခံပါတယ်။ တစ်နေ့ အဲဒီတံခါးဟာ ဝုန်းခနဲ ပွင့်လာပါလိမ့်မယ်။ သူ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ အတိအလင်းဖော်ပြခဲ့ပြီးဖြစ်တာမို့ တံခါးဆောင့်တွန်းဖွင့်လာခဲ့ရင် အဲဒီနေ့ဟာ လူ့သမိုင်းရဲ့ နိဂုံးအစလည်း ဖြစ်သွားနိုင်ပါတယ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ်ရှိ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်း အသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်နှင့် သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မြို့မအားကစားခန်းမရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပစ္စည်းရရှိ/ ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်အားပေး ဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ မြို့တော်ခန်းမ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် နေအိမ်အဆောက်အအုံများ၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံ ရွှေကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သောတပန်ရပ်ကွက် သကျဓိတာသီလရှင်စာသင်တိုက်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများ၌ စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ရွှေစေတီ စာသင်တိုက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆောင်ရွက်နေမှု၊ စာသင်ကျောင်းအတွင်း ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရွာထောင်ရပ်ကွက်ရှိ လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ နန်းဦးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အဘယာရာမ မိုးထိကျောင်းတိုက်တို့သို့ သွားရာက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရှေးမူမပျက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်း၊ ကိုးပင်ကျေးရွာအုပ်စုရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံက လှူဒါန်းသည့် RC တစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ကျောက်ဆည်မြို့ ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ သမိုင်းဝင် တမုတ်ရှင်ပင် ရွှေဂူဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်း ချိတ်ဆွဲထားမှုများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ် ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်း ချိတ်ဆွဲထားရှိမှုများကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

**ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး**

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်နန္ဒာဝင်းတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် “ နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်းများကို စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးအောင်**

# အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် အမျိုးသားအစောင့်တပ်ဖွဲ့တပ်စွဲ

**ဝါရှင်တန် ဇွန် ၉**

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် လက်ရှိဖြစ်ပွားနေသည့် ရွှေ့ပြောင်းနေထိုင်သူများ၏ ဆန္ဒဖော်ထုတ်ပွဲများကိုနှိမ်နင်းရန် အမျိုးသားအစောင့်တပ်ဖွဲ့အား သမ္မတထရမ့်၏ ညွှန်ကြားချက်ဖြင့် ဇွန် ၉ ရက်တွင် တပ်စွဲခဲ့ကြောင်း သိရသည်။

**ပြောကြား**

အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအား အမေရိကန် လူဝင်မှုကြီးကြပ်ရေးအေဂျင်စီက ဇွန် ၈ ရက်တွင် နှိမ်နင်းမှုများပြုလုပ်ရာမှ ဆန္ဒဖော်ထုတ်မှုများ လော့အိန်ဂျလိစ်မြို့တွင် ဖြစ်ပွားခဲ့သည်။ ဆန္ဒဖော်ထုတ်သူများကိုနှိမ်နင်းရန် ကယ်လီဖိုးနီးယားပြည်နယ်ရှိ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအား သမ္မတ၏ညွှန်ကြားချက်ဖြင့် တာဝန်ပေးအပ်ခဲ့သည်။ ဆန္ဒဖော်ထုတ်ခြင်းများ မိမိနိုင်ငံတွင်ဖြစ်ပွားခြင်းကို လက်မခံကြောင်း ထရမ့်ကပြောကြားသည်။ လော့အိန်ဂျလိစ်မြို့သည် လက်ရှိအချိန်တွင် ဆန္ဒဖော်ထုတ်သူများ၏ လက်အောက်သို့ ကျရောက်နေပြီး ဆန္ဒဖော်ထုတ်သူများသည် အမေရိကန်တာဝန်ရှိသူများ၏ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများ အရေးယူဆောင်ရွက်ရေးလုပ်ငန်းများကို နှောင့်ယှက်နေကြောင်း ထရမ့်ကပြောကြားသည်။ မိမိတို့သည် ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသော်လည်း မိမိတို့အား အကြမ်းဖက်နှိမ်နင်းရန် အစိုးရက တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်သူတစ်ဦးက ပြောကြားသည်။

အမေရိကန်တာဝန်ရှိသူများသည် မကြာမီကလည်း ဟားဗတ်တက္ကသိုလ်ရှိ ပြည်ပမှကျောင်းသားများကို ပညာသင်ကြားခွင့်ရပ်ဆိုင်းခဲ့သောကြောင့် ကမ္ဘာ့နိုင်ငံများက ဝေဖန်မှုများရှိခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**




# ကုလသမဂ္ဂ သမုဒ္ဒရာများညီလာခံ ကျင်းပ

**ပါရီ ဇွန် ၉**

ကုလသမဂ္ဂသမုဒ္ဒရာများ ညီလာခံကို ဇွန် ၉ ရက်တွင် ပြင်သစ်နိုင်ငံတွင် ကျင်းပရာ ကမ္ဘာ့နိုင်ငံနှင့်ဒေသ ၁၂၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ညီလာခံ တက်ရောက်သူများတွင် ဘရာဇီးသမ္မတ လူလာဒါဆေးဗားနှင့် ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယံတို့ပါဝင်သည်။ ညီလာခံတက်ရောက်သူများအကြား ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်များအတွင်း အပူချိန်မြင့်တက်လာခြင်းအပါအဝင် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးနှင့် အဏ္ဏဝါသယံဇာတများ ထိန်းသိမ်းရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



**ပြောကြား**

ပင်လယ်သမုဒ္ဒရာများသည် အဆုံးမရှိသည့် သဘာဝအရင်းအမြစ်များဖြစ်ပြီး ၎င်းတို့ကို ထိန်းသိမ်းရေးအတွက် မိမိတို့ပျက်ကွက်နေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ပြောကြားသည်။ အမေရိကန်အစိုးရသည် ဧပြီလအတွင်းက ပင်လယ်အောက်ရှိ သတ္တုသယံဇာတများကို ထုတ်ယူရန်အစီအစဉ်ကိုတင်ပြခဲ့ရာ ၎င်းအစီအစဉ်သည် ပင်လယ်ရေအောက် ဂေဟစနစ်ကို ပျက်စီးနိုင်သည့်အတွက် ပြင်သစ်နှင့် ကော်စတာရီကာတို့က ကန့်ကွက်ခဲ့သည်။

သမုဒ္ဒရာများ၏ ဂေဟစနစ်ကို ထိန်းသိမ်းရန် လိုအပ်နေကြောင်း ညီလာခံတက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အမေရိကန်၏ နျူကလီးယားသဘောတူညီချက်ရရှိရန် အဆိုပြုချက်သည် အငြင်းပွားဖွယ်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူပြောကြား



**တီဟီရန် ဇွန် ၉**

အမေရိကန်၏ နျူကလီးယားသဘောတူညီချက်ရရှိရန် အဆိုပြုချက်သည် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရန်အချက် ပါဝင်ခြင်းမရှိသည့်အတွက် အငြင်းပွားဖွယ်ဖြစ်ကြောင်း အီရန်ပါလီမန်အကြီးအကဲ မိုဟာမက် ဗာကွာကွာလီဗတ်က ပြောကြားသည်။

တီဟီရန်တွင်ကျင်းပသည့် ပါလီမန်အစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်းပြောကြားသည်။ အီရန်အနေဖြင့် နိုင်ငံ၏ နျူကလီးယားထုတ်လုပ်ရေးလုပ်ငန်းအား ငြိမ်းချမ်းစွာ အသုံးပြုရန် ရည်ရွယ်ထားကြောင်းနှင့် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်၏ ယခုနျူကလီးယားအရေး အဆိုပြုချက်သည် အီရန်အား ဆန့်ကျင်သည့်အချက်များ ပါဝင်နေကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်သမ္မတ ထရမ့်အနေဖြင့် အီရန်အပေါ်ရပ်တည်ချက်ကို ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ အီရန်နှင့် အမေရိကန်အကြား နျူကလီးယားအရေး ဆွေးနွေးပွဲ ငါးကြိမ်ကျင်းပခဲ့ရာတွင် အမေရိကန်က အီရန်၏ ယူရေနီယံသတ္တုထုတ်လုပ်ခြင်းကိုရပ်တန့်ရေး တောင်းဆိုခဲ့ပြီး အီရန်က ၎င်းအချက်ကိုငြင်းဆိုခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားနှင့်ဂျပန် ဆက်ဆံရေးတိုးမြှင့်မည်

**ဆိုးလ် ဇွန် ၉**

တောင်ကိုရီးယားနှင့်ဂျပန်အကြား ဆက်ဆံရေးတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်ရန် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့အကြား သဘောတူညီခဲ့ကြကြောင်း သိရသည်။

အမေရိကန်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် နှစ်နိုင်ငံစလုံးက ထပ်မံသဘောတူညီခဲ့သည်။ တောင်ကိုရီးယားသမ္မတလီဂျေမြောင်နှင့် ဂျပန်ဝန်ကြီးချုပ်အီရှီဘာတို့အကြား ဇွန် ၉ ရက်က မိနစ် ၃၀ ကြာ ဖုန်းဖြင့်ဆွေးနွေးခဲ့သည်။

တောင်ကိုရီးယားသမ္မတအဖြစ် လီဂျေမြောင်ရွေးကောက်ခံရခြင်းအတွက် ဝမ်းမြောက်ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံ၏ ဘုံအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်မည်ဟု အီရှီဘာကပြောကြားသည်။ ယခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် ၆၀ ပြည့်မြောက်သည့် အခါသမယဖြစ်သည့်အတွက် ထူးခြားသည့်အချိန်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက ပြောကြားသည်။

မြောက်ကိုရီးယားက ပြန်ပေးဆွဲခဲ့သည့် ဂျပန်နိုင်ငံသားများအရေးတွင် တောင်ကိုရီးယားနိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟုယုံကြည်ကြောင်း အီရှီဘာက ပြောကြားသည်။ တောင်ကိုရီးယားနှင့်ဂျပန်အကြား ဆက်ဆံရေးတိုးမြှင့်ခြင်းဖြင့် အနာဂတ်တွင်ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို လက်တွဲဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# ထိုင်းနှင့် ကမ္ဘောဒီးယားအကြား တင်းမာမှုများလျှော့ချနိုင်ခဲ့

**ဗန်ကောက် ဇွန် ၉**

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား နယ်စပ်ဒေသတွင် မကြာမီက တင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက် တင်းမာမှုများလျှော့ချရန် နှစ်နိုင်ငံစလုံးမှတပ်ဖွဲ့များကို မူလတပ်စွဲထားသည့်နေရာများသို့ပြန်လည်စေလွှတ်ခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ် ပေတုန်တန် ရှင်နာဝပ်ထရာက ယမန်နေ့တွင် ပြောကြားသည်။

ထိုင်းနှင့်ကမ္ဘောဒီးယားအစိုးရများအကြား ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့်ရလဒ်များ ရရှိခဲ့သောကြောင့် နှစ်နိုင်ငံစလုံးမှ တပ်ဖွဲ့များကို ပဋိပက္ခများဖြစ်ပွားရာဒေသမှ မူလတပ်စွဲထားသည့်နေရာများသို့ ပြန်လည်စေလွှတ်ခဲ့ ကြောင်း လူမှုမီဒီယာအိက်စ်တွင် ပေတုန်တန်က ပြောကြားသည်။ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်သည့်အခြေအနေသို့ ရောက်ရှိရေးအတွက် ဆွေးနွေးပွဲများကိုလည်း ကျင်းပမည်ဟု ၎င်းကပြောကြားသည်။

ယမန်နှစ်အတွင်းက တပ်စွဲရန်သဘောတူညီခဲ့သည့်နေရာများတွင် ထိုင်းနှင့်ကမ္ဘောဒီးယားတပ်ဖွဲ့များ ပြန်လည်တပ်စွဲခဲ့ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဖန်သန်ဝီချာရာချိုင်းက ပြောကြားသည်။ တင်းမာမှုများလျှော့ချရန်အတွက် အဆင့်အလိုက်ပူးပေါင်းဆောင်ရွက်မှုများမှနေ၍ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်းကို တားဆီးနိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံတို့မှ တပ်မတော်တပ်မှူးများအကြား အပြန်အလှန်နားလည်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသမှ တပ်ဖွဲ့ဝင်များအား မူလနေရာများသို့ပြန်လည်တပ်စွဲစေခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခများကို ရှောင်ရှားနိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားလွှတ်တော်အကြီးအကဲ ဆန်ဒက်ဟွန်ဆန်က ပြောကြားသည်။ ကမ္ဘောဒီးယားနှင့်ထိုင်းနိုင်ငံ နိုင်ငံသားများသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုလိုလားပြီး စစ်ပွဲဖြစ်ပွားခြင်းကို အလိုမရှိကြောင်းနှင့် ယခုရလဒ်သည် နှစ်နိုင်ငံအစိုးရများနှင့် တပ်မတော်တပ်မှူးများအကြား ဆွေးနွေးဆောင်ရွက်ခြင်း၏ အသီးအပွင့်များဖြစ်ကြောင်း ဟွန်ဆန်ကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၉**

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ကိုဖိုး၀" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်နေ ကျော်အာကာဝင်း(ခ) ဖိုး၀အား နံနက် ၁၀ နာရီခွဲတွင် ပေါင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လွိုင်လင်-ဟိုပုံး-တောင်ကြီး ပြည်ထောင်စုကားလမ်းမအနီးတစ်ဝိုက်၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့မှ တောင်ကြီးမြို့သို့မောင်းနှင်လာသည့် ယာဉ်ကိုးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၉၀၁၆၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Dong Feng Tractor Head ငါးစီး၊ Mitsubishi Fuso Tractor Head တစ်စီး၊ Genlvon Tractor Head တစ်စီး၊ Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ရှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၉၀၁၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၇ ဒသမ ၆၀၀တန်၊ သစ်မာ ၃၁ ဒသမ ၅၇၅ တန်၊ အခြားသစ် သုည ဒသမ ၇၇၉ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၆၁၆၅၅၉၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၇ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၇၆ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေ ၁၁၂၅၀၇၂၀၉၃ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၉**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် နေ မ---- ၁၅/၂၀၂၅ နှစ်၏ အလုပ်အကိုင်နှင့် ဝင်ငွေ အခက်အခဲဖြစ်ပေါ်နေမှုအပေါ် မူတည်၍ ငွေကြေးမက်လုံးပေး စည်းရုံးခေါ်ဆောင်ပြီး တရုတ်နိုင်ငံရှိ လူပွဲစားထံပို့ဆောင်ကာ တရုတ်ယောကျာ်းထံ ပေးစား/ရောင်းစားရန် စီစဉ်လုပ်ဆောင်ခဲ့ကြသူများဖြစ်သည့် မခမ်းအိန် အမှတ်(၈) ပန်လုံ(၁)လမ်း ကောင်းမူးတုံရပ်ကွက် မူဆယ်မြို့၊ စိုင်းမြင့်ဦး(ခ) အိုက်မြင့်ဦး(လိပ်စာတူ)၊ မမိုးခေး(ခ) အိုက်လောဝ် (လိပ်စာတူ)နှင့် ကြည်ဝင်း(ခ)ခေးလျန်း(ခ)ကိုစိုင်း ဟိုမွန်ရပ်ကွက် မူဆယ်မြို့နေသူတို့အား မူဆယ်မြို့မရဲစခန်း (ပ)၆၂/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ-၃၇/၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

မူဆယ် ခရိုင်တရားရုံးမှ ဇွန် ၅ ရက်တွင် တရားခံ မခမ်းအိန်၊ စိုင်းမြင့်ဦး(ခ) အိုက်မြင့်ဦးနှင့် မမိုးခေး(ခ) အိုက်လောဝ်တို့ သုံးဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်လည်းကောင်း၊ တရားခံကြည်ဝင်း(ခ)ခေးလျန်း(ခ) ကိုစိုင်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၇ အရ ထောင်ဒဏ်ငါးနှစ် ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မမိုးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

**၁၀-၆-၂၀၂၅ အင်္ဂါနေ့**

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ နယုန်လတွင်းစာသဘင်
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၄၅ Sports Diary
- ၁၀:၃၅ ဖွေဖွေရှာရှာနည်းပညာကမ္ဘာ(အပိုင်း၅+၆)
- ၁၀:၄၅ နယုန်လစာပြန်ပွဲ
- ၁၁:၂၅ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ 'နယုန်လပြည့် မဟာသမယကြီးကျယ်ထူးခြားဖြစ်သည့် အခါတော်နေ့' တရားတော်
- ၁၂:၃၅ 'သေဘေးကို ရှုကြည့်၍' တရားတော်
- ၁၃:၃၅ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း-၈)
- ၁၄:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၄၂)
- ၁၅:၁၅ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၅ ၂၀၂၄ခုနှစ်၊ အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးအဆင့်ခြေစစ်ပွဲ(ဒုတိယပွဲစဉ်) တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာ လက်ရွေးစင်အသင်းနှင့် ပါကစ္စတန်အသင်း)
- ၁၈:၄၅ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၁၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ ဆုတောင်းမေတ္တာတေးကမ္ဘာ
- ၂၁:၃၀ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အစီအစဉ် 'ရွှေပေါင်းနှန်းတော်ထဲက ကြွေထည်'
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ရှုစွမ်းကောင်းများခေတ်' (အပိုင်း-၃၅)

**mitv**

- 07:02 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:09 Thatbyinnyu Temple
- 07:22 Tour Around in Myeik Archipelago (Epi-3) Taung Pan and Lay Islands
- 07:37 On the River
- 08:30 Myanma Gone Yi U Sein Tun Kyi
- 08:55 Mingala Prayer (Version-2)
- 09:01 Oboist and His Life
- 09:22 Commercial Farmimg to GDP Growth, Lady's Fingers Grower
- 09:34 Changes in Myanmar's Printing Industry

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊အက(ကရင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၀၅ မြန်မာဇာတ်လမ်းတွဲ 'အငှာတန်ဖိုး' (အပိုင်း-၉)
- ၀၇:၃၅ စတီရီယိုတေးများ
- ၀၇:၅၅ K POP Music Gallery (အပိုင်း-၂၀)
- ၀၈:၁၅ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'ရောဂါဆန်း'
- ၀၉:၁၅ ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁၇)
- ၀၉:၃၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ကျွန်ဝစ်ပင်း'

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကော်ကရင် (၀၈:၀၀ မှ ၀၉:၀၀)** ထူးဆန်းဖွေရှာဓလေ့ရိုးရာ (တလေဒူးခုန်ခြင်းအကြောင်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** သာယာလှပသဲဖြူကျွန်းအလှ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** မြေအိုး(အပင်အကြောင်း)

**ချင်း (ဖလမ်း) (၁၁:၀၀ မှ ၁၂:၀၀)** သင်မယ်၊ရေးမယ်တို့ချင်းစာ(အပိုင်း-၃၂)

**ချင်း (ခူမီး) (၁၂:၀၀ မှ ၁၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)** မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှူင်ဘုရား

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** အမျိုးသမီးတိုင်းကြိုတင်သိထားသင့်သော ကင်ဆာရောဂါလက္ခဏာ(၁၀)မျိုးနှင့် မပေါ်ဆသင့်သောအဆုတ်ကင်ဆာအကြောင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့(အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** သွေးချင်းတို့ရဲ့ခေါင်လန်ဖူး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ ဖွေဖွေရှာရှာနည်းပညာကမ္ဘာ(အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဝရိကနိုင်ငံ' (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၄)
- ၁၇:၀၀ မြန်မာဘောလုံးအသင်းနှင့်ပါကစ္စတန် ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ပုံများ တိုက်ရိုက်ထုတ်လွှင့်မှု

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၁၅ စားရေရိက္ခာဖူလုံဖို့ ပိုမိုကြိုးစားထုတ်လုပ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၈:၄၅ Refreshing Taste of Mushrooms with Red Cap and White Stem
- ၂၀:၀၀ ဆုံးခက်တွေပျံ့နေကြလမ်းပေါ်မှာ(ဇာတ်လမ်း)
- ၂၂:၀၀ The Dirge Singer (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၂၅ အားကစားလောကထဲကသူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth League (Replay) (Futsal Chit Thu Vs Shwe Pyi Thar United)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၉

အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင် လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကျုံပျော်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ကျုံပျော် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျုံပျော်မြို့နယ် ရှမ်းစုကျေးရွာ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူနှင့် ပြည်သူများ စုစုပေါင်း ၃၅၈ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားကာ စိုက်ပျိုးရန်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ကျွန်း ၇၅ ပင်၊ ပျဉ်းကတိုး ၂၈၅ ပင်၊ ကံ့ကော်ပင် ၅၀၊ ခရေပင် ၄၀၊ ရေတမာပင် ၃၀ နှင့် မန်ကျည်းပင် ၂၀ စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ညောင်ဦးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ညောင်ဦး ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနက ဒေသတွင်း စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၉ ရက်တွင် ကုန်းတန်းကြီးကျေးရွာ မြန်မာ့မီးရထား (ပုဂံဘူတာ)ဝင်းအတွင်း၌ ကျင်းပသည်။

ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်စိုက်ပျိုးသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရင်းမာပင် ၂၅၀၊ မန်ကျည်းပင်၂၀၀၊ တမာပင် ၂၅၀၊ ချယ်ရီပင် ၅၀၊ ပိတောက်ပင် ၅၀၊ ကုက္ကိုပင် ၂၀၀ စုစုပေါင်းပျိုးပင် ၁၀၀၀ တို့ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## တပ်ကုန်းမြို့၌ ယင်လုံအိမ်သာရှုနှန်းပြည့် ဆောက်လုပ်သုံးစွဲရေး အသိပညာပေး

တပ်ကုန်း ဇွန် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျင်းပသည့် ယင်လုံအိမ်သာ ရှုနှန်းပြည့် ဆောက်လုပ်သုံးစွဲရေး အသိပညာပေးခြင်းနှင့် အိမ်သာခွက်များပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းက ယင်လုံအိမ်သာနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးများ ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ခုနစ်အုပ်စုအတွက် ယင်လုံအိမ်သာခွက်ပေါင်း ၃၁၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)



## လှည်းကူးမြို့နယ်၌ ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်၊ ဆပ်ပြာခဲ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

လှည်းကူး ဇွန် ၉

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းကို သပိတ်ကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။



**လက်ခံရယူ**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ လှည်းကူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်းတို့က အမှာစကားပြောကြား သည်။ ထို့နောက် တာဝန်ရှိသူများ က သင်ထောက်ကူပစ္စည်းများ ပေးအပ်ရာ သင်တန်းနည်းပြက လက်ခံရယူသည်။

**တက်ရောက်**

အဆိုပါ သင်တန်းကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ စာတွေ့/လက်တွေ့ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ စာဘူးတောင်းကျေးရွာအုပ်စုရှိ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသနေပြည်သူ ၂၁ ဦးတို့ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၉

နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၉

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရွှေပြည်သာမြို့နယ်အသင်းနှင့် သန်လျင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အမျိုးသမီးအကောင်းဆုံးဆုရရှိသော သန်လျင်မြို့နယ်အသင်းမှ မသဲစုနိုင်နှင့် အမျိုးသား အကောင်းဆုံးဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်းမှ မောင်ကောင်းဆုသာတို့ကိုလည်းကောင်း၊




တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော သန်လျင်မြို့နယ်အသင်းနှင့် ဒုတိယဆုရရှိသော သာကေတမြို့နယ်အသင်းတို့ကို လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကွမ်းခြံကုန်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော သန်လျင်မြို့နယ်အသင်း၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကိုကိုးကျွန်းမြို့နယ်အသင်းနှင့် ဒုတိယဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်းတို့ကို လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ယင်းနောက်တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီးက အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော သန်လျင်မြို့နယ်အသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးက အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေပြည်သာမြို့နယ်အသင်းနှင့်အမျိုးသားလေးယောက် တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော သန်လျင်မြို့နယ် အသင်းတို့ကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၉

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်များဖြစ်သည့် တောင်ကြီးတပ်နယ်(နယ်မြေ-၁) အမျိုးသားအသင်းနှင့် တောင်ကြီးတပ်နယ်(နယ်မြေ-၂)အမျိုးသားအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အမျိုးသမီးအသင်းနှင့် ဟိုပုံးတပ်နယ်အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန် ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# တိုက်ကြီးမြို့နယ်၌ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက Training Course On Town Land Survey No-16 သင်တန်းဖွင့်ပွဲ ကျင်းပ

တိုက်ကြီး ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက Training Course On Town Land Survey No–16 သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။



ပြောကြား

အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲမှ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ၊ မြန်မာနိုင်ငံတော် အောက်ပိုင်းမြို့ရွာရှိ မြေယာလက်စွဲအက်ဥပဒေ၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော်လက်စွဲဥပဒေ၊ ၁၉၃၃ ခုနှစ် မြန်မာနိုင်ငံတော် မြို့ရွာအမိန့်ဆင့်ဆိုချက်၊ မြန်မာနိုင်ငံတော် မြေစာရင်းလက်စွဲဥပဒေ၊ မြို့ကွက်တိုင်းတာရာတွင် မြေပြင်ထိန်းအမှတ်(GCP)နှင့် ချိတ်ဆက်တိုင်းတာသည့် နည်းလမ်းများ၊ Total Station ဖြင့် မြို့ကွက်တိုင်းတာခြင်း နည်းလမ်းများ၊ Geomedia ဖြင့် မြေပုံရေးဆွဲခြင်း၊ Monochrome Plotter ဖြင့် မြေပုံထုတ်ခြင်း နည်းလမ်းများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

ပုသိမ် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်မိုးမိုးအေးသည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ပုသိမ်ခရိုင်တရားသူကြီး ဦးမြတ်စံတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် အကျဉ်းထောင်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင်တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



❂ ပေါ်တူဂီအသင်းမှ

ပေါ်တူဂီအသင်းက အိမ်နီးချင်းစပိန်အသင်းကို အနိုင်ရရှိပြီး နေးရှင်းလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ နေးရှင်းလိဂ်ဖလားကို ဒုတိယအကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ပေါ်တူဂီအသင်းဟာ ၂၀၁၉ ခုနှစ်ကလည်း နေးရှင်းလိဂ်ဖလားကို ပထမအကြိမ် ဆွတ်ခူးနိုင်ခဲ့ဖူးတာ ဖြစ်ပါတယ်။

မှတ်တမ်းဝင်

ဒါကြောင့် ပေါ်တူဂီအသင်းဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားကို နှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်တဲ့ ပထမဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

စပိန်အသင်းကလည်း ၂၀၂၃ ခုနှစ်က နေးရှင်းလိဂ်ဖလားရရှိခဲ့ဖူးတာကြောင့် စပိန်အသင်းအနေနဲ့ ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ယခုပေါ်တူဂီအသင်းရရှိခဲ့တဲ့ မှတ်တမ်းကောင်းကို ရရှိမှာဖြစ်ပေမယ့် ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့လို့ မှတ်တမ်းသစ်ရေထိုးမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပေါ်တူဂီအသင်းအတွက် ပွဲကစားချိန် ၆၁ မိနစ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်ဒိုဟာ နိုင်ငံတကာသွင်းဂိုး ၁၃၈ ဂိုးအထိရှိသွားခဲ့ပြီဖြစ်တဲ့အပြင် ပေါ်တူဂီအသင်းနဲ့အတူ ဆုဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။

ငွေကြယ်



# ကုလားပဲဈေးနှုန်းကောင်းမွန်၍ အကျိုးအမြတ်ရရှိ

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပြည်တွင်းစားသုံးမှုများပြီး ပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်သော ဈေးကွက်ခိုင်မာမှုရှိသည့် ကုလားပဲသီးနှံကို မြစ်ရေဝင်ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကျွတ်နှင့် စပါးခင်းကျွတ်များတွင် စိုက်ဧက ၅၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ပိုမိုရရှိ**

ကုလားပဲသီးနှံသည် စိုက်ပျိုးပြီး လေးလကျော်ခန့်အကြာတွင် ထွက်ပေါ်ကြောင်း၊ ကုလားပဲလုံးကြီး(အဖြူ) V6 မျိုးကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး ကုလားပဲသီးနှံများမှာ စိုက်ပျိုးရာတွင် လွယ်ကူ၍ ကုန်ကျစရိတ်သက်သာကာ သီးနှံအထွက်နှုန်းကောင်းမွန်ခြင်းကြောင့် ပိုမိုတိုးချဲ့ စိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံကို မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့်စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ခုနစ်သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တင်း ၂၀-၂၂ ခန့်ထွက်ရှိကြောင်း၊ သီးနှံစတင်ထွက်ပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ကြောင်း၊ အချို့ဒေသခံတောင်သူများမှာ ကုလားပဲသီးနှံကို သိုလှောင်ထားရှိပြီး ဈေးနှုန်းဈေးကွက်အပေါ်မူတည်၍ ရောင်းချကြကြောင်း၊ ဈေးကွက်အနေဖြင့် ကုလားပဲများကို ဆိပ်ဖြူမြို့နှင့် ချောက်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပြည်တွင်း ပဲဈေးကွက်မြင့်တက်လာသည်နှင့်အမျှ ကုလားပဲသီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးနှုန်းမှာလည်း တရိပ်ရိပ်မြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိရာ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ကောက်ရိုးမှိုစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပျိုးမှိုများကိုလည်း စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

ပျိုးမှိုစိုက်ပျိုးမှုတွင် ငွေနှင်းမှိုနှင့် ကောက်ရိုးမှိုဟူ၍ရှိပြီး ငွေနှင်းမှိုမှာ စားသုံးသူနည်း၍ ကောက်ရိုးမှိုမှာ စားသုံးသူများပြားကြောင်း၊ ကောက်ရိုးမှိုကို နေရာဒေသမရွေး တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး ကုန်ကြမ်းအနေဖြင့် ကောက်ရိုး၊ ဖဲဒါ၊ ငှက်ပျောရွက်၊ ဂျပ်စက္ကူနှင့် နွားချေးများကို အသုံးပြု၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကောက်ရိုးမှို ၁၀ ပေါင်ခန့်အတွက် မျိုးထုပ် ၃-၄ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်ပတ်ခန့်အကြာတွင် မှိုများကို စတင်နုတ်ယူရောင်းချနိုင်ကြောင်း၊ ကောက်ရိုးမှို ၁၀ ပေါင်စိုက်ပျိုးရာတွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၄၅၀၀၀ ခန့်ကုန်ကျပြီး သက်တမ်းအားဖြင့် တစ်လခန့် နုတ်ယူရောင်းချနိုင်ကြောင်း၊ မှိုစိုက်ပေါင် ၁၀ ပေါင်လျှင် မှိုပိဿာချိန် ၁၀၀-၁၅၀ ခန့် ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များက မှိုစိုက်ခင်းသို့ လာရောက်ဝယ်ယူကာ ထိုမှတစ်ဆင့် ဒေသတွင်းဈေးများသို့ ပြန်လည်ရောင်းချကြကြောင်း၊ မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

# ရေစကြိုမြို့နယ်အတွင်း မတ်ပဲသီးနှံ စိုက်ပျိုးရိတ်သိမ်းမှုနှင့် ဈေးကွက်

**မကွေး ဇွန် ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မတ်ပဲ(နွေ)သီးနှံကို အများအပြား စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**အများအပြားစိုက်ပျိုးကြ**



မတ်ပဲ(နွေ)သီးနှံကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများ၌ စတင်စိုက်ပျိုးကြပြီး မေလနှင့် ဇွန်လတို့တွင် ရိတ်သိမ်းရကြောင်း၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မတ်ပဲမျိုးစေ့နှစ်တင်းခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈-၁၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် မတ်ပဲ ၂၀-၂၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးသော မတ်ပဲ(နွေ)သီးနှံကို သီးထပ်အဖြစ် အများအပြားစိုက်ပျိုးကြကြောင်း မတ်ပဲ(နွေ)သီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ကျောက်ဆည်မြို့နယ်၌ မြှုပ်ခရမ်းသီးများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီမရွေးစိုက်ပျိုးနိုင်သည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော မြှုပ်ခရမ်းသီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

မြှုပ်ခရမ်းသီးသည် ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ကြောင်း၊ မြှုပ်ခရမ်းအလုံးသေးမျိုးများကို စိုက်ပျိုးကြပြီး မျိုးစေ့ကို ပျိုးထောင်၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ မြှုပ်ခရမ်းသီးကို ငါးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ခူးဆွတ်ချိန်မှစ၍ အသီးကုန်ချိန်အထိ ၄-၅ လခန့်အထိ ခူးဆွတ်ရကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၄၈၀၀-၅၀၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် မြှုပ်ခရမ်းသီးများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး ဈေးနှုန်းများ ပိုမိုကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း မြှုပ်ခရမ်းသီးစိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

**၉-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၃၃၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | | ၇၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၄၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၅၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၅၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၂၇၅ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၅၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၀၇၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၆၈၈၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၃၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၂၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၈၀၀ | ၆၈၈၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၆၀၀ | ၁၃၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၅၀၀၀ |

## Let's Write in English daily, young ones.

## လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...



### စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

### မိုးတွင်းကာလ လယ်ယာဦးကြီးတို့ လုပ်ငန်းစ

မိုးရာသီရောက်ပြီဆိုတော့ မြန်မာနိုင်ငံက တောင်သူလယ်သမားဦးကြီးတွေ ဘယ်လိုလုပ်ငန်းတွေ စလုပ်ကြလဲဆိုတာ ပြောပြမယ်ခင်ဗျာ။

**မိုးစက်တွေနဲ့ စပါးစိုက်ချိန်**

ခုဆို မိုးစရွာနေပြီနော်။ ဒီလိုမိုးရွာတဲ့အချိန်ရောက်ရင် မြန်မာနိုင်ငံရဲ့ နေရာအတော်များများက တောင်သူလယ်သမားဦးကြီးတွေက စပါးစိုက်ဖို့ ပြင်ဆင်နေကြပြီ။ မိုးရာသီနဲ့လိုက်ဖက်တဲ့ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်တွေကိုလည်း မိုးရာသီမှာ အဓိကစိုက်ပျိုးကြတယ်။

တောင်သူလယ်သမား ဦးကြီးတွေအတွက်တော့ ဒီအချိန်ဟာ အလုပ်အများဆုံးအချိန်ပဲ။ သူတို့ ကြိုးကြိုးစားစား စိုက်ပျိုးမှပဲ ကျွန်တော်တို့ စားဖို့ ဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်တွေ အများကြီးရမှာလေ။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးဟာ တကယ်ကို အရေးကြီးတဲ့လုပ်ငန်းတစ်ခုပါ။

"မြေကြီးက ရွှေသီးတယ်"ဆိုတာ ဘာလဲ။

"မြေကြီးက ရွှေသီးတယ်"ဆိုတဲ့စကားကို ကြားဖူးလား။

တကယ်တမ်းကျတော့ မြေကြီးထဲကနေ ရွှေတွေတူးတာမဟုတ်ဘူးနော်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ မြေကြီးဟာ တကယ့်ရွှေလိုပဲ တန်ဖိုးကြီးတယ်လို့ ပြောချင်တာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ နေ့တိုင်း စားသုံးဖို့ လိုအပ်တဲ့ အစားအစာအားလုံးကို ဒီမြေကြီးထဲကနေပဲ တိုက်ရိုက်စိုက်ပျိုးထုတ်လုပ်ရလို့ပဲ။

**အစားအစာတွေ ကောင်းကောင်းထွက်ဖို့ လိုအပ်တဲ့အရာ လေးမျိုး**

အစားအစာတွေ အများကြီးနဲ့ အရည်အသွေးကောင်းကောင်း ရရှိဖို့ဆိုရင် အရေးကြီးတဲ့အရာလေးမျိုးကို ဂရုစိုက်ရတယ်။

၁။ **မျိုးစေ့ကောင်းတွေ** – အပင်လေးတွေ သန်သန်မာမာဖြစ်ဖို့ဆိုရင် မျိုးစေ့ကောင်းတွေလိုတယ်။ မျိုးစေ့ကောင်းမှ အပင်ကကျန်းမာပြီး အသီးအနှံတွေ အများကြီးသီးမှာ။

၂။ **မြေဆီသြဇာကောင်းတဲ့မြေကြီး** – မြေကြီးက အပင်တွေအတွက် အာဟာရ၊ ရေနဲ့ လေကို ပေးနိုင်တယ်။ မြေကြီးမကောင်းရင် အပင်ကမသန်ဘူး။ မြေကြီးထဲမှာ လေဟာနယ်လေးတွေ ရှိပါတယ်။ အပင်ရဲ့အမြစ်တွေအသက်ရှူဖို့ လိုအပ်တဲ့အောက်ဆီဂျင်ဓာတ်တွေ ရှိပါတယ်။

၃။ **လုံလောက်တဲ့ရေ** – ရေမရှိရင် အပင်တွေ ရှင်သန်နိုင်မှာမဟုတ်ဘူး။ မိုးရေက အကောင်းဆုံးပဲ။ ဒါမှမဟုတ် ချောင်းမြောင်းတွေကရေတွေကိုသုံးပြီး စိုက်ပျိုးကြတယ်။ ဆည်ရေကိုသုံးပြီး စိုက်ပျိုးကြတာမျိုးလည်းရှိတယ်။

၄။ **ခေတ်မီနည်းပညာတွေ** – နည်းပညာတွေက မျိုးစေ့၊ မြေကြီး၊ ရေသုံးခုလုံးကို ထိထိရောက်ရောက် ပေါင်းစပ်ပြီး အကောင်းဆုံးအထွက်နှုန်းတွေရအောင် ကူညီပေးနိုင်တယ်။ ဥပမာ– စက်တွေနဲ့ ထွန်ယက်တာ၊ ပိုးမွှားနှိမ်နင်းတာ စတာတွေပေါ့။

မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းဖို့က ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးအတွက် မဖြစ်မနေ လုပ်ရမယ့်အရာပဲ။

**မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့**

**မျိုး၊ မြေ၊ ရေ၊ နည်း** ဆိုတဲ့ အရာလေးမျိုးကို ပေါင်းစပ်ပြီး ကောင်းကောင်းအသုံးချမယ်ဆိုရင် ကျွန်တော်တို့ရဲ့လယ်ကွင်းတွေက စပါးတွေ၊ ပဲတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ အသီးအနှံတွေနဲ့ ပြည့်လျှံနေမှာ သေချာတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့အားလုံး ဝဝလင်လင် စားရမယ်၊ ပိုလျှံတာတွေကို တခြားနိုင်ငံတွေကိုတောင် ရောင်းချပြီး ကူညီလို့ရမယ်။ ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံကို ပိုပြီးချမ်းသာလာအောင် ကူညီပေးမှာပါပဲ။

မိုးတွင်းရောက်ပြီဆိုတာနဲ့ တောင်သူလယ်သမား ဦးကြီးတွေဟာ ကြိုးစားပမ်းစား လုပ်ကိုင်နေကြတာကို တွေ့ရပါတယ်။ သူတို့ ကြိုးစားစိုက်ပျိုးမှသာ ကျွန်တော်တို့အားလုံးအတွက် လုံလောက်တဲ့ဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်နဲ့ အခြားအစားအစာတွေရရှိမှာဖြစ်လို့ သူတို့ရဲ့ ကြိုးစားမှုကို အလေးထားသင့်ပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးဟာ တကယ်ကို အရေးကြီးတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

**Key Points: Myanmar Farmers and the Rainy Season**

- The rainy season has started in Myanmar, and farmers are now very busy.
- They are preparing to plant **rice** and other rain–loving crops like **beans and vegetables.**
- Agriculture is a **very important** business in Myanmar.
- The saying "The land yields gold" means Myanmar's land is **very valuable** because it provides all our food.
- For good food production, **four things are essential:**
  1. **Good seeds** for healthy plants.
  2. **Fertile soil** that provides nutrients, water, and air.
  3. **Enough water**, mainly from rain or rivers.
  4. **Modern technology** to get the best yields.
- By using these "seeds, soil, water, and technology" well, Myanmar can have abundant food.
- This will help everyone eat well, allow us to export food, and make Myanmar **grow and prosper.**

| | |
|---|---|
| **Farmers** | လယ်သမားတွေ |
| **Rainy Season** | မိုးရာသီ |
| **Rice** | စပါး |
| **Crop** | သီးနှံ |
| **Vegetable** | ဟင်းသီးဟင်းရွက် |
| **Agriculture** | စိုက်ပျိုးရေး |
| **Land** | မြေကြီး |
| **Gold** | ရွှေ |
| **Food** | အစားအစာ |
| **Valuable** | တန်ဖိုးရှိသည် |
| **Production** | ထုတ်လုပ်မှု |
| **Essential** | အရေးကြီးသည် |
| **Seed** | မျိုးစေ့ |
| **Healthy** | ကျန်းမာသည် |
| **Fertile Soil** | မြေဆီသြဇာကောင်းတဲ့မြေ |
| **Nutrients** | အာဟာရ |
| **Water** | ရေ |
| **Air** | လေ |
| **Rain** | မိုး |
| **Rivers and streams** | မြစ်တွေ/ချောင်းတွေ |
| **Modern Technology** | ခေတ်မီနည်းပညာ |
| **Yields** | အထွက်နှုန်း |
| **Abundant** | ပေါများသည်/ပြည့်လျှံသည် |
| **Export** | တင်ပို့ |
| **Grow** | ကြီးထွား |
| **Prosper** | ချမ်းသာကြွယ်ဝ/တိုးတက်သည် |

## စကားလုံးလျော့နေသည့် အမှားများ

### လှသမိန်

မြန်မာစာရေးသားရာတွင် စကားလုံး တစ်လုံးတလေကို ထည့်သင့်လျက် မထည့်မိသောကြောင့် ဆိုလိုရာမရောက်ဘဲ မှားယွင်းရသည်များလည်း ရှိလေသည်။ သာမန်အားဖြင့် မလိုသော်လည်း အဓိပ္ပာယ် အယူအဆ မရှုပ်ထွေးစေရန်အတွက် စကားလုံးဖြည့်တန်က ဖြည့်ပေးရသည်များလည်း ရှိလေသည်။ ထို့ကြောင့် စကားလုံးလျော့ကျန်နေသည့်အတွက် မှားယွင်းပုံမျိုးကို သတိချပ်ပြုပြင်နိုင်စေရန် အောက်တွင်ဖော်ပြထားသည်။

က

**အမှား။** ဤစာသည် အရေးအသား၊ **အရသာ** မကောင်းဟုဆိုရ၏၊ အတွေးအခေါ်ကား ကောင်း၏။

**အမှန်။** ဤစာသည် အရေးအသား **အရသာ(လျှင်)**မကောင်းဟု ဆိုရ၏၊ အတွေးအခေါ်ကား ကောင်း၏။

**အကြောင်းပြ။** (အရ–သာ)ဟုဆိုသော်လည်း ဖတ်ရှုရသည့် အရသာကို ဆိုလိုသကဲ့သို့ အတွေးမှားစေသည်။ (လျှင်)ကို ထည့်ခြင်းအားဖြင့် (အရ) ဟူသောစကားကို ပို၍ထင်ရှားစေသည်။ သို့မဟုတ် (သာ)မပါဘဲ (အရ) ဟူ၍လည်း သုံးနိုင်သည်။ သို့ရာတွင် မူလဆိုလိုရင်းကဲ့သို့ မလေးနက်ချေ။

ခ

**အမှား။** ဆရာက အင်္ဂလိပ်စာပြနေစဉ် မိန်းကလေးသည် **ဘာသာပြန်**သည်။

**အမှန်။** ဆရာက အင်္ဂလိပ်စာပြနေစဉ် မိန်းကလေးသည် **ဘာသာပြန်(ဆို)**သည်။

**အကြောင်းပြ။** ဆရာ စာပြသည်ကိုနားမထောင်ဘဲ မိန်းကလေးက သူ့ဘာသာပြန်သွားသည်ဟု အထင်မှားစရာရှိနေသည်။ ထို့ကြောင့် (ဆို)တစ်လုံးကို ဖြည့်ပေးသင့်သည်။

ဂ

**အမှား။** ဝက်သည် **ဆူသော** တိရစ္ဆာန်ဖြစ်၍ အဆီများသည်။

**အမှန်။** ဝက်သည် **ဆူ(ဖြိုး)သော** တိရစ္ဆာန်ဖြစ်၍ အဆီများသည်။

**အကြောင်းပြ။** (ဆူ)ဟူသော စကားတစ်လုံးတည်းဖြင့် ဆူဆူညံညံ အော်ဟစ်တတ်ခြင်းကို ဆိုလိုသည်ဟု အတွေးမှားဖွယ်ရှိသောကြောင့်၊ (ဖြိုး)တစ်လုံးကို ဖြည့်ပေးသင့်သည်။

ဃ

**အမှား။** မိန်းကလေးတို့**က ဆို**ကြသည်။

**အမှန်။** မိန်းကလေးတို့ **က(ခုန်)(သီ)ဆို**ကြသည်။

**အကြောင်းပြ။** မိန်းကလေးများက ပြောဆိုသည့် အဓိပ္ပာယ်ရောက်နေလေသည်။

မိန်းကလေးတို့ က(၍) ဆိုကြသည်ဟူ၍ လည်းကောင်း၊ စကားလုံးတစ်ခုခု ဖြည့်သွင်းပေးခြင်းဖြင့် လိုရာအဓိပ္ပာယ်ကို ဖြောင့်တန်းစေနိုင်လေသည်။

င

**အမှား။** မောင်နှမတစ်စု **ဆိုင်အိမ်**ကို ရောင်းလိုသည်။

**အမှန်။** မောင်နှမတစ်စု **ဆိုင်(သည့်) အိမ်**ကို ရောင်းလိုသည်။

**အကြောင်းပြ။** ဆိုင်ရောင်းသည့် အိမ်ဆိုင်ကို မဆိုလိုဘဲ အမွေပိုင်ဆိုင်ကြောင်းကိုသာ ပြလိုသဖြင့် ကွဲပြားအောင် (သည့်)ကို ဖြည့်သွင်းရန် လိုလေသည်။

စ

**အမှား။** နလုံးသားကို ရှားမီးတွင် **လောင်မြိုက်ဘိ**သကဲ့သို့ ကျွန်ုပ်ပူပန်၏။

**အမှန်။** နလုံးသားကို ရှားမီးတွင် **လောင်မြိုက်(စေ)ဘိ**သကဲ့သို့ ကျွန်ုပ်ပူပန်၏။

**အကြောင်းပြ။** 'လောင်မြိုက်သည် ကာရိုက်အပြုကြိယာ မဟုတ်သဖြင့်၊ (စေ)ကို ဖြည့်ရသည်။ သို့မဟုတ်–

နလုံးသားကို ရှားမီးတွင် **မြိုက်ဘိ**သကဲ့သို့ ကျွန်ုပ်ပူပန်၏။ ဟူ၍ အပြုကြိယာကို ပြောင်းလဲသုံးစွဲရပေမည်။

(ဆက်လက်ဖော်ပြပါမည်)

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူ ဖော်ပြပါသည်။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃-ရပ်ကွက်၊ ပညာလမ်း၊ အမှတ်(၉) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ မြေညီထပ် (ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်ဖြစ်သူ ဦးတင်လှ (၁၂/လမန (နိုင်) ၀၂၂၃၅၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်ဝင်းလှိုင် (၇/မညန(နိုင်)၀၇၀၅၆၆)နှင့် ဒေါ်လဲ့လဲ့ဝင်းနိုင် (၇/အဖန (နိုင်) ၀၆၆၅၆၀)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ ( ၇ ) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်ကြည်ကြည်ခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၇၉)
အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph : 09 421124352

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၀၂-B)၊ ရခိုင်ရိုးကြီးကွင်းဟု ခေါ်တွင်သည့် ဦးပိုင်အမှတ်(၂၅/ခ)၊ ဧရိယာ(၂.၆၉)ဧကအနက်မှ မခွဲစိတ်ရသေးသော ဥယျာဉ်မြေအမျိုးအစား၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ ရိုးလေးကျေးရွာ၊ အောင်သာယာလမ်းမရှိ ဦးသိန်းအောင် မြေစာရင်းပုံစံ(၁၀၅)အမည်ပေါက်ကို ဦးမြင့်ဦးအမည် အရပ်ကတိစာချုပ်အဆင့်ဆင့်နှင့် တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်ဆုဝင်းလွင် [၁၂/စခန(နိုင်)၀၆၀၃၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးအေးလွင် [၉/ကပတ(နိုင်)၁၅၄၅၆၇]နှင့် ဦးအေးလွင် [၅/ပလန(နိုင်) ၀၈၂၈၈၆]တို့က အရောင်းအဝယ် ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား မြေစာရင်းပုံစံ(၁၀၅)ပြေစာမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၁

ဒေါ်သီတာဝင်း နှင့် ဦးချစ်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ ဥဒ္ဒေနာ (၂)လမ်း၊ အမှတ်(၂၀၇)နေ တရားပြိုင် ဦးချစ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်နှင့် မြေအရောင်းအဝယ်အား မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်) နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ထက်ပိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး ( ၁ )**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀)
### အင်းစိန်ခရိုင်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၁

၁။ ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်မင်းမင်းမော်
၂။ ဒေါ်အိဖြူသွင် (၎င်း၏ကိုယ်စားအထူးကိုယ်စား
၃။ ဆုလတ်ဖြူသွင် လှယ်စာရသူ-ဦးအောင်သွင်)
၄။ သီရိဖြူသွင်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI City၊ ဗင်ဒါသစ်ခွလမ်း၊ အမှတ်(O-29) နေ ဒေါ်မင်းမင်းမော်(၎င်း၏ကိုယ်စား အထူးကိုယ်စားလှယ်စာရသူ-ဦးအောင်သွင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ( ၂၃ )ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅ )၊ လူနေရပ်ကွက်အမှတ်(၄၅)၊ ရွှေဝါလမ်း၊ မြေကွက်အမှတ် (၁၁၇၉) ဟုခေါ်တွင်သာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် (၆၀)ဂရန် ထုတ်ပေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဌာန၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးကျော်ခင် ( ဘ) ဦးအောင်ရွှေ[၁၂/အစန(နိုင်)၁၅၇၈၉၉] ကိုင်ဆောင်သူ၏ အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိလျက်ရှိသည့် (၄၃ပေx၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သူဇာနွယ် (ဘ) ဦးစံသိန်း[၁၂/လမန(နိုင်)၁၂၀၉၆၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာပြောကြား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်းအထောက် အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက် မကျော်လွန်မီ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးချစ်ကိုကို (ရွှေစာရေး ) LL.B, WIPO-101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၄ )**
**အမှတ် ( ၂၉၇ )၊ အနော်ရထာလမ်း၊ ( ၄ )ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၇၆၅၄၄၂၅၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂၊မြေကွက်အမှတ် ၅၀၃၊မြေကွက်တည်နေရာအမှတ်-၅၀၃၊ဗညားဦး(၁)လမ်း၊(၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးစိုးသိန်း(KSE-၀၇၃၀၆၃)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဦးစိုးသိန်း(ခင်ပွန်း)သည်(၁-၁၁-၂၀၀၂)နေ့တွင်ကွယ်လွန်သဖြင့်ဒေါ်တင်ရီ(၁၂/တမန(နိုင်)၀၆၀၀၈၂)မှအမည်ပေါက်၏တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)ဂရန် နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်တစ်ထပ်သွပ်မိုးပျဉ်ကာတစ်လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။သို့ဖြစ်ပါ၍ ဒေါ်တင်ရီမှပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

ထို့ကြောင့်ပင် ဝယ်ယူသူ– ဒေါ်ချိုချိုသန်းကလည်း ရောင်းဖိုးငွေများကို "တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုခဲ့သည့် (၂၆–၆–၂၀၂၄)နေ့တွင်ပင် အပြေအကျေပေးချေ၍ ရောင်းချသူများဖြစ်သော ဦးဝင်းကျော်သူတို့ဘက်မှလည်း အပြေအကျေရရှိကြောင်း ဝန်ခံကတိပြု၍ တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအခွင့်အရေးအားလုံး၊ မြေပိုင်ဆိုင်မှုဂရန်မိတ္တူ၊ လူနေထိုင်ခွင့် (BCC)မိတ္တူ (အဆောက်အအုံပြီးစီးကြောင်းသက်သေခံလက်မှတ်)တို့ကို လက်ရောက်ပေးအပ်၍ ဝယ်သူက ကောင်းစွာလက်ခံရရှိပြီး ဝယ်ယူထားသည့်တိုက်ခန်းကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ပတ်သက်၍ တရားဝင် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိနေထိုင်လျက်ရှိသူ – ဒေါ်ချိုချိုသန်းကသာ ပိုင်ဆိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ထံကိုမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်း လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတက်ဝင်းမြိုင် (စဉ်–၁၉၅၃/၈၀) B.A (LAW).,LL.B.**
**ဒေါ်သီသီလှိုင်(စဉ်–၁၄၆၁၈) LL.B.,D.M.L.**
**ဒေါ်ထွေးဆုပိုင်စိုး(စဉ်–၁၆၃၀၈) LL.B.,LL.M.**
**(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်–၁၀/၁၂၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၅၄၃၃၃၀၁၈၊ ၀၉–၉၆၆၈၁၁၉၁၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော စက်သုံးဆီ၊ ဒီဇယ်(ရိုးရိုး)-(၁၇၀၀၀) ဂါလန်နှင့် ဓာတ်ဆီ (92 Ron)-(၁၇၀၀) ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် -(၉-၆-၂၀၂၅)ရက်နေ့မှ (၁၉-၆-၂၀၂၅) ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံ ရောင်းချမည့်နေရာ -စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် -(၂၀-၆-၂၀၂၅)ရက်နေ့၊ (၁၃:၀၀)နာရီ။

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၂၁၀၊ ၀၆၇-၃၄၁၀၅၁၈ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၁၄၇၉/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀) ပေ x အနံ (၂၀) ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာန တွင် ဦးဇော်မင်းဦး (ဘ) ဦးဝင်းရွှေ [၁၂/လမန (နိုင်)၁၂၀၉၁၂]အမည်ပေါက်ပါမစ် မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်အား စာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ တစ်ဆင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဝဒမ်းခေါင်ခင် [၁/ပတအ(နိုင်)၀၂၁၁၇၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဇော်မိုး [၈/နမန(နိုင်)၀၉၀၈၉၁] ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL-101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၁၀၉၁၈/၁၆)** | **(စဉ် - ၁၂၈၃/၁၇)** |
| **ဖုန်း - ၀၉ - ၄၂၅၁၆၈၉၃၂** | **ဖုန်း - ၀၉ - ၄၂၁၀၂၄၈၈၆** |

**ရုံး - အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး (၆)လမ်း၊ အောက်ဘက်၊ အိမ်အမှတ် (၂၁) မြေနှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအား ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး (၆)လမ်း၊ အောက်ဘက်၊ အိမ်အမှတ် (၂၁) ၊ အလျား (၂၀)ပေx အနံ (၄၅) ပေရှိ မြေနှင့် မြေကွက်ပေါ်ရှိမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အတွက် ရောင်းချသူများဖြစ်သည့် ဦးလှမျိုး၊ ဦးခင်မောင်မျိုး၊ ဒေါ်သန်းသန်းနု၊ ဒေါ်လှလှခင်ထံသို့ စရန်ငွေတချို့ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အဆောက်အဦနှင့် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍(၇)ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသိန်းအောင် (မြိတ်) B.Sc,H.G.P,R.L** | **ဒေါ်ယုမြတ်ထွန်း LL.B,D.B.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၀)** |

**တိုက် (၂)၊ အခန်း (၈)၊ မြေညီ၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်လမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၇၄၇၇၆၊ ၀၉- ၇၉၅၁၅၃၃၉၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၉

| | | |
|---|---|---|
| ၁။ ဒေါ်မေမြတ်သွယ် | နှင့် | ဒေါ်နီနီတင် |
| ၂။ ဒေါ်လွင်မာထက်ဆန်း | | |
| (တရားလိုများ) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း၊ အမှတ်(၆၈)နေ ဒေါ်နီနီတင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုများက "ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ၁၉ ရက် ( ၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၉ ရက် ) နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုကေရီဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာ၊ ကွင်းအကွက်အမှတ်(၆၄၅)၊ ကွင်း/အကွက် အင်းကန်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်(၈၅ᵏ/၁)၊ မြေအမျိုးအစား ဥယျာဉ်(လယ်)၊ မြေဧရိယာ(၁၃.၃၇)ဧကအနက်မှ (၂.၈၀)ဧကအကျယ်ရှိ ဥယျာဉ်(လယ်) မြေကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အုံးမြင့် [၁၂/လမန (နိုင်)၀၂၄၃၅၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ် ဦးဒိုရှန်မုန် [၄/ဟခန(နိုင်)၀၂၂၆၇၃]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုမည့်မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်စာရွက်စာတမ်း(မူရင်း)အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဒိုရှန်မုန် [၄/ဟခန (နိုင်)၀၂၂၆၇၃]**
**တိုက်(၂၅-1/B)၊ ရတနာသီရိကွန်ဒို၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-422940077**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိဖြိုး[၁၂/ဒဂတ(နိုင်)၀၈၉၅၃၀] အမှတ်(၈) ကျွန်းရွှေမြိုင်(၁)လမ်း၊ (၁၈/L)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေထိုင်သူ၏ လွှဲအပ်ချက်အရ အများသိစေအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိဖြိုးသည် သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်(၂)၊ ငမိုးရိပ်(၉)လမ်း၊ အမှတ်(၁၁၄)၊ တတိယထပ်(ခြေရင်း)၊ ၄-လွှာ၊ အကျယ်အဝန်း(၁၂ ½ပေx၅၀ပေ)ရှိ တိုက်ခန်းကို(၁၂-၅-၂၀၁၄)ရက်စွဲပါ နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦသစ်ဆောက်လုပ်ရန် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်တာရရှိသော အခန်းဖြစ်ပြီး(၇-၄-၂၀၁၅)ရက်စွဲပါကြိုပွဲပွိုင့်ဖြင့် ဝယ်ယူခဲ့သည့် စာချုပ်နှင့်(၁၁-၃-၂၀၁၇)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ် အပြီးအပိုင် ကတိစာချုပ်တို့အရ ဝယ်ယူထားသူ ဒေါ်လှမျိုးသွယ် [၁၂/ပဘတ(နိုင်)၀၃၀၆၈၂] ထံမှ(၂-၁၀-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် ကတိပြုစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည်မှာ ယခုအချိန်အထိဖြစ်ပြီး အထက်ပါ တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိအိဖြိုးတစ်ဦးတည်းသာ ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိဖြိုး၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင်LL.B,D.B.L** |
| **(စဉ်-၁၁၉၀၁)** | **(စဉ်-၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၁၀၇၂၄၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၅၂) ရပ်ကွက်၊ (ယခင်) မခကျေးရွာ၊ ကွင်းအမည်-မခကွင်း၊ ကွင်းအမှတ်(၄၇၂)၊ ခြံမြေ အကျယ်အဝန်းပေ(၆.၄၈ဧကေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မူလအမည်ပေါက် ဦးမောင်မောင်လတ် (ဘ) ဦးမြင့်ရွှေ မှတ်ပုံတင်အမှတ်[၁၂/ဒဂမ(နိုင်)၀၀၄၅၄၇] မှ ပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်တွင် ဒဂုံမြို့သစ်မြို့နယ်၊ မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဒေါ်နန်းမြအေး မှတ်ပုံတင်အမှတ်[၃/ဘအန(နိုင်)၀၁၃၆၆၃] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါခြံမြေဧကေ ခြံမြေအကျယ်အဝန်းပေ (၆.၄၈ ဧကေ) အနက်မှ အကျယ်အဝန်းပေ (၄ ဧကေ) တိတိအား ဒေါ်နန်းမြအေးမှ ၎င်းသာလျှင် အဆိုပါခြံမြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ ကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးစံတင်ထွန်း မှတ်ပုံတင်အမှတ်[၄/ဟခန(နိုင်) ၀၂၆၉၅၈]၊ ဦးစိုင်းအောင်မိုင်း မှတ်ပုံတင်အမှတ်[၁၃/ဆဆန(နိုင်)၀၄၄၀၉၄]၊ ဦးသန်းဖေ မှတ်ပုံတင်အမှတ်[၁၁/ကတန(နိုင်) ၁၁၀၁၆၀] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ -၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## ဒေါ်ဆုဝေဇင်(ခ) AN NA၏လွှဲအပ်ညွှန်ကြားချက်အရ
## ဒေါ်သူဇာလှိုင်(ခ)ဒေါ်သူဇာနှင့် အများသိစေရန်ကြေညာခြင်း

(ဘ)ဦးသိန်းဝင်း၏သမီးဖြစ်သူဒေါ်ဆုဝေဇင်(ခ)ANNA [၁၁/ဂမန (နိုင်)၂၄၇၃၄၅] (ခေတ္တဂျပန်နိုင်ငံ)၏ လွှဲအပ်ညွှန်ကြားချက်အရ မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ ဝါဇီတွင် နေထိုင်သော ဒေါ်သူဇာလှိုင်(ခ) ဒေါ်သူဇာနှင့် အများသိစေရန် ရည်ရွယ်၍ အောက်ပါအတိုင်း အသိပေးအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုဝေဇင်(ခ)AN NA(ခေတ္တဂျပန်နိုင်ငံ) နှင့် ဒေါ်သူဇာလှိုင် (ခ) ဒေါ်သူဇာတို့သည် ဦးဟိန်းထက်အောင်၏ အဒေါ်အနေနှင့်သာ ပတ်သက်၍သိရှိခဲ့ပြီး၊ ငွေကြေးအရရော၊ လူမှုရေးအရရော၊ စီးပွားရေးအရရော မည်သည့်အရှုပ်အရှင်းရန်ညှိုးရန်စမှ မရှိပါဘဲ ကျွန်ုပ်မိတ်ဆွေအပေါ် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ အသံဖိုင်များပို့ပြီး သားသမီးချင်းမစာမနာဆဲရေး တိုင်းထွာခြင်းများ၊ မိန်းမပျိုလေးတစ်ဦး၏ ကိုယ်ကျင့်တရားပိုင်းကို စော်ကားနစ်နာစေသော ကြမ်းတမ်းသော စကားလုံးများဖြင့် ပြောဆိုခြင်းများကို နေ့စဉ်ရက်ဆက်ပြုလုပ်နေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ သည်းခံနိုင်မှု အတိုင်းအတာ ကျော်လွန်လာပြီဖြစ်၍ ဒေါ်သူဇာလှိုင် (ခ)ဒေါ်သူဇာအား ယခုပြုလုပ်နေမှုများကို ရပ်တန်းကရပ်ရန်နှင့် မရပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ဆိုသည့်အကြောင်းအား ဒေါ်သူဇာလှိုင်(ခ)ဒေါ်သူဇာနှင့် အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

**ဒေါ်ဆုဝေဇင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကျော့ကျော့ဦး( LL.B. LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၅၆)**
**အမှတ် - ၄၇၄၊ တတိယထပ်(၄လွှာ)၊ ရာဇဓိရာဇ်လမ်း၊( ၇ )ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ၀၉ - ၆၇၉၆၂၈၆၄၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂၀၂)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၂၀၂)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် (၁)ထပ်RC အဆောက်အဦ အပါအဝင် ဆက်နွယ် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဦးခင်ဇော်ထွေး [၈/ငဖန(နိုင်) ၀၀၀၄၁၄] အမည်ပေါက်မှတ်သားထားပါသည်။ အမည်ပေါက်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် (၁၁၃၃၈/၂၀၂၃)ကို ဒေါ်ဖျက်လွဲဆုန် [၄/မတန(နိုင်)၀၂၆၅၇၃]မှ လက်ခံရယူထားပြီး အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဦးရဲကျော်ဦး [၁၂/ဒဂမ(နိုင်)၀၂၃၂၅၅]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိုကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**
**အမှတ် -၁၂၉၇ /အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ သခင်ကိုယ်တော်မှိုင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၉၉၉/ခ)၊ ဦးခင်ဆွေ အမည်ပေါက် မြေချပါမစ် (မိတ္တူခြမ်း)၊ မြေအကျယ်အဝန်း အလျား (၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်ကြီးအနက်မှ (ခြေရင်းခြမ်း) အလျား (၁၀)ပေ x အနံ (၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ရေ၊ မီး အပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ဝေရီ(ဘ)ဦးစောလှ [၁၂/လမန(နိုင်)၀၅၄၄၃၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထွန်းနိုင်(ဘ)ဦးရွှေလှ [၁၄/အဂပ(နိုင်)၁၃၇၂၃၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ)တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LL.B, DBL)** | **ဒေါ်အေးငြိမ်းသူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ(၁) စုပေါင်းအဆောက်အအုံ (၁)၊ အခန်းအမှတ်(၃၀၃)၊ တတိယလွှာ၊ ဦးကိုကိုလေး [၁၂/လမန(နိုင်)၁၁၃၂၆၄] အမည်ပေါက် တိုက်ခန်းကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ရှိထားအကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အချက်အလက်အထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်မိမိ** | **ဦးဝင်းကျော် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ် - ၆၂၀၇/၉၅)** |

**အမှတ်(၅၀)၊ ဒုတိယထပ်(A-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၂၀၄၂၆၃၂**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရွှေဆံတော်/ကျုံးကြီးရပ်ကွက်၊ ကျုံးကြီး(၈)လမ်းနေ မခြူးသဥ္ဇာဇော်မြင့် [၁၂/တတန(နိုင်)၂၂၂၆၇၃] မသိမ့်သဥ္ဇာဇော်မြင့် [၁၂/တတန(နိုင်)၂၂၃၈၁၀] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မခြူးသဥ္ဇာဇော်မြင့်၊ မသိမ့်သဥ္ဇာဇော်မြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ညွန့်ရွှေမှာ သားသမီးများအား အရှက်တကွဲ အကျိုးနည်းဖြစ်အောင်နှင့် ကိုယ်စိတ်နှစ်ပါးအကြိမ်ကြိမ်စိတ်ဆင်းရဲများဖြစ်အောင်ပြုလုပ်ခဲ့သည့်အတွက် သမီးများဖြစ်ကြသော မခြူးသဥ္ဇာဇော်မြင့်၊ မသိမ့်သဥ္ဇာဇော်မြင့်တို့မှ ယနေ့မှစ၍ မိခင်ဖြစ်သူဒေါ်ညွန့်ညွန့်ရွှေနှင့် မည်သို့မှ မသက်ဆိုင်ပါကြောင်း၊ ဒေါ်ညွန့်ညွန့်ရွှေ၏ အကြွေးကိစ္စများကိုလည်း တာဝန်ယူဆောင်ရွက်ပေးမည် လုံးဝမဟုတ်ပါကြောင်းနှင့် ကျုံးကြီး(၈)လမ်းအတွင်းရှိအလျား (၁၅)ပေxအနံ(၅၅)ပေမြေမှာလည်း မခြူးသဥ္ဇာဇော်မြင့်ပိုင်မြေနေရာဖြစ်ပြီး ပိုင်ဆိုင်မှုစာချုပ်များမှာလည်း မခြူးသဥ္ဇာဇော်မြင့်၏ အမည်ဖြင့် ၎င်း၏ လက်ဝယ်တွင်သာရှိပြီး မိခင် ဒေါ်ညွန့်ညွန့်ရွှေနှင့် ပိုင်ဆိုင်မှု ပတ်သက်မှုလုံးဝမရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိင်္ဂီလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၇) (၂၈-၂-၂၀၁၇)**
**အမှတ်-၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။ ဖုန်း-၀၉-၅၀၄၄၁၆၈၊ ၀၉-၇၈၅၀၄၄၁၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈/က)၊ မြေကွက်အမှတ် (၁၄၀/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးဝင်းမောင် [၁၂/သလန(နိုင်) ၀၇၇၆၃၆] အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် (၁၄၀/ခ)၊ ရွှက်လှလမ်း၊ (၁၈/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်(၂)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်နွဲ့ရီ [၁၂/ဥကတ(နိုင်)၀၂၆၉၉၆] မှမိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ချင်း [၈/ရနခ(နိုင်)၀၈၆၂၀၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၈)၊ မြေကွက်အမှတ် (၅၈၉)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်သည် ဦးလှမောင်( ISN-၄၉၄၆၀၈) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ထားသည့် ခြေရင်းခြမ်း မြေကွက်အမှတ်(၅၈၈) နှင့်ကပ်လျက်အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၈၉)၊ ဇေယျာလမ်း၊ (၁၈/C)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်ငုဝါနိုင်[၁၄/ဒဒရ(နိုင်)၁၅၅၆၅၇]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးနန်းညွန့် [၁၂/တမန(နိုင်)၀၀၂၁၆၁] မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၁၂၀၃)ရှိ LINN & KIMM COMPANY LIMITED မှ အောက်ပါ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အများသိစေရန် ကြော်ငြာအပ်ပါသည်–

ATS

**Application Number – T / 2024 / 004777**

ကိုရီးယားနိုင်ငံ အခြေစိုက်ကုမ္ပဏီဖြစ်သော LE'ESS Co.,Ltd မှ အထက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်နှင့် ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆံပင်ပေါင်းဆေး၊ ဆံပင်ပျော့ဆေး၊ ဆံပင်လိမ်းဆီး၊ ဆံပင်ဖြန်းဆေးအမျိုးမျိုး၊ ဆံသားကောင်းမွန်စေရန် အထူးပြုလုပ်ထားသည့် Hair Care ပစ္စည်းအမျိုးမျိုး၊ Skin Care အလှကုန်ပစ္စည်းနှင့် အလှပြင်ဆိုင်သုံးပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အထက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့် ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number–T/2024/004777 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါအမှတ်တံဆိပ်ဖြင့် ပင်မကုမ္ပဏီက မြန်မာနိုင်ငံတွင် LINN & KIMM COMPANY LIMITED အား တရားဝင် ဖြန့်ဖြူးရောင်းချရန်အတွက် Exclusive Distributor Ship အဖြစ် ပေးအပ်ထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား LINN & KIMM COMPANY LIMITED ၏ ခွင့်ပြုချက်တစ်စုံ တစ်ရာမပါဝင်ဘဲ မရိုးမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တရားဝင်မဟုတ်သော နည်းလမ်းများဖြင့် မြန်မာပြည်ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချခြင်း၊ မည်သည့်ပုံစံဖြင့်မဆို မှီငြမ်း၍ တုပသုံးစွဲခြင်းများ မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ ထိုသို့ ပြုလုပ်ဆောင်ရွက်ခြင်းကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**LINN & KIMM COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သိမ့်သက်သက်ခင်** | **ဒေါ်သန္တာမြင့်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၈၈၂၂)** | **(စဉ်–၅၂၈၆၇)** |

**အမှတ်–၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၀၈၆၅၇၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အရိယမဂ္ဂင်လမ်း၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၂၀၃၊ ၂၀၄) နေ ဒေါ်မို့မို့သိန်း [၁၂/ဗဟန(နိုင်)၀၈၀၆၆၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

၁။ ဒေါ်မို့မို့သိန်း[၁၂/ဗဟန(နိုင်)၀၈၀၆၆၄]နှင့် ဦးအောင်ကျော်မိုး [၁၂/ရကန(နိုင်)၀၄၉၉၆၇] တို့သည် တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်စဉ် ဦးအောင်ကျော်မိုးသည် (၁၉–၅–၂၀၂၂) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ ဦးအောင်ကျော်မိုး၏ဖခင် ဦးမောင်မောင်သည် (၂၁–၁၁–၂၀၀၄)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဒေါ်ခင်အေးသည် (၂–၉–၂၀၂၀)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့် ဦးအောင်ကျော်မိုးနှင့် ၎င်း၏နှမဖြစ်သူတို့သည် ၎င်းတို့၏ဖခင် ဦးမောင်မောင် အမည်ပေါက် "ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၃၀)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ကံဘဲ့၊ မြေကွက်အမှတ်–၁၅၉(က)၊ အကျယ်အဝန်း (အလျား ၅၇ ပေ x အနံ ၁၀၀ ပေ)၊ ဧရိယာ (၀.၁၃၁)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အစ္စလာမ်တရားဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မွက်ဟကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၁၆၆၉/၂၀၂၂) ဖြင့် (၁–၃–၂၀၂၂) ရက်နေ့တွင် ပြုလုပ်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွက်ဟကြေညာစာချုပ် ပြုလုပ်ချုပ်ဆိုပြီးနောက် ထိုနေ့၌ပင် ဦးအောင်ကျော်မိုးနှင့် ၎င်း၏နှမဖြစ်သူတို့သည် မွက်ဟကြေညာစာချုပ်ပါ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်စပ်လျဉ်း၍ မိမိတို့ရယူမည့် မြေအပိုင်းအခြားအား သတ်မှတ်ပြီး ကျန်တစ်ဖက်စီကို အပြန်အလှန် အပြီးအပိုင်စွန့်လွှတ်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် (၁၆၇၀/၂၀၂၂) နှင့် (၁၆၇၁/၂၀၂၂) တို့ကို ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။

၃။ ဦးအောင်ကျော်မိုး ကွယ်လွန်သည့်အခါ အထက်အပိုဒ်(၁) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၌ ဦးအောင်ကျော်မိုး ဆက်ခံရရှိသည့်ပစ္စည်းများအပေါ် ၎င်း၏ တရားဝင်ဇနီးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေမှ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဦးအောင်ကျော်မိုး စွန့်လွှတ်ခြင်းမှတ်ပုံတင်စာချုပ် အမှတ်(၁၆၇၀/၂၀၂၂) ဖြင့် စွန့်လွှတ်ထားသည့်မြေကို ချန်လှပ်၍ အထက်အပိုဒ် (၁)ပါ ဦးအောင်ကျော်မိုး ဆက်ခံရရှိသည့် မြေကွက်နှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကွယ်လွန်သူ ဦးအောင်ကျော်မိုး၏ တရားဝင်ဇနီးဖြစ်သည့် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မြေအမည်ပေါက်ပြောင်းခြင်း စသည့်ကိစ္စအရပ်ရပ်တို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကို ခံရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇင်ဦး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၉၇)**
**အမှတ် (၉၀၈/ခ)၊ အောင်သပြေ (၁၀)လမ်း အနောက်၊**
**၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၈၁၄၄၄၄၅၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်း–၅၊ ရာဇသင်္ကြန်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၅၆၁/ခ)၊ အကျယ်အဝန်း (အလျား၂၀ပေxအနံ ၆၀ပေ)ရှိ ဦးကံသိန်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကြေညာသူ ဒေါ်ခင်သန်းနု [၁၂/ကတတ(နိုင်)၀၀၉၄၁၅]ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၇၄၇)**
**အမှတ်–၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅–ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၂၅၀၅၂၄၉၄၃**

## တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၃၅/C–1) နေ ဦးချမ်းငြိမ်း [၉/မရမ(နိုင်)၀၈၂၆၇၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်စာချုပ်အမှတ်–၄၂၃၆/၂၀၂၅ (၁၉–၅–၂၀၂၅)ရက်နေ့တွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

SC Gold & Jewellery

(၄၂၃၆/၂၀၂၅)

အထက်အမည်ပါ အမှတ်တံဆိပ်အမှတ်အသားဖြင့် စိန်၊ ရွှေ၊ ငွေနှင့် ကျောက်မျက်ရတနာအမျိုးမျိုးတို့အား ကိုယ်ပိုင်ဒီဇိုင်းများဖြင့် ဖန်တီးပြုလုပ်၍ လက်ဝတ်ရတနာအမျိုးမျိုးတို့အား လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှ ရောင်းချခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် တစ်နည်းနည်းဖြင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် တုပသုံးစွဲခြင်းကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချမ်းငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန်းမြင့်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၆၆၁)**
**အမှတ်(၅၆၃)၊ အခန်း(၄/၁၀၄)၊ ပထမထပ် MAC Tower၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၉၃၈၇၈၅**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဦးအောင်လင်းဝေ [၁၂/လသန(နိုင်)၀၁၃၂၁၂] (အဖ–ဦးကျော်ဝေ) က ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်–၁၉ နေ ဒေါ်သန္တာလင်း [၈/ပခက(နိုင်)၁၆၂၆၃၂](အဖ–ဦးဝေလင်း) အား ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ (၂၂–၇–၂၀၁၁)နေ့စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်–၁၃၆၂၆/၂၀၁၁ ဖြင့် လွှဲအပ်ပေးထားခဲ့ပါသည်။ ၎င်းမှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအား ဦးအောင်လင်းဝေက ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်လင်းဝေ [၁၂/လသန(နိုင်)၀၁၃၂၁၂]၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝေဖြိုးကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၀၀၅/၂၀–၁–၂၀၂၁)**
**အမှတ်–၁၆၇၊ မြေညီထပ်၊ ၃၈–လမ်း(အလယ်)၊ (၆)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၁၁၉၆၃၆၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၂၆၃)၊ အောင်သပြေလမ်း၊ (၄၉) ရပ်ကွက်၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ အမည်ပေါက် ဦးမင်းနောင်[၁၂/ရကန(နိုင်)၀၆၀၂၃၆] နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ခွဲအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာလွင်ထံမှ ကျွန်မ ဒေါ်တင်တင်အေးမှ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီတရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး [၁၂/မဂတ(နိုင်)၀၁၅၅၆၁]**
**အမှတ်(၉၈)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နေ မောင်ဖြိုးဇင်ကို၊ မောင်သန့်ဇင်ကိုတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ကိုကို[၇/တငန(နိုင်)၂၅၁၁၄၀] ဖြစ်ပါကြောင်း။

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၈–၆–၂၀၂၅)ရက်စွဲ ကြေးမုံသတင်းစာပါ (စာမျက်နှာ–၃၀)၌ ဒေါ်မိုးသီတာကျော်(တရားလွှတ်တော်ရှေ့နေ)မှ ကြေညာထားသော "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်း(၂)လမ်း၊ အမှတ်(၄၃)နေအိမ်နှင့်စပ်လျဉ်း၍ ဝယ်သူနေရာ၌ **ဒေါ်ထွေးရီ**အစား **ဒေါ်ထွေးညို**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဂန္ဓာရုံကျောင်းလမ်းရှိ ခြံမြေကွက်အမှတ်–ဟ–၃/ဟ–၁၆ (အလျား ၁၂၀ ပေ x အနံ ၄၀ ပေ)နှင့် ၎င်းမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချစီရင်ပိုင်ခွင့်ရှိသူ ဒေါ်တင်ချိုချိုအောင် [၁၂/မဘန(နိုင်)၀၀၀၄၃၂] ထံမှ ဒေါ်ထားထားအိ [၉/သစန(နိုင်)၁၁၉၇၁၇]က အဆိုပါခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချငွေတန်ဖိုးအနက်မှ စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့် အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထားထားအိ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇေယျာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၀၂၅/၄–၁၂–၂၀၁၈)**
**အမှတ်(၆၃)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၆၃၇၇၄၃၈၀၊ ၀၉–၉၅၇၂၈၆၈၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အိမ်အမှတ် (ဠ–၈၀) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၄x၃၅) ပေရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဌေးဌေးရီ [၁၂/အစန(နိုင်)၁၄၅၈၈၆]မှ တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြ [၁၃/တကန(နိုင်)၀၆၇၂၃၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နွယ်ထွန်း (LL.B, D.B.L)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၃၅)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၈၂၃၃၄၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၇၄၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၇၄၃)၊ အကျယ်အဝန်း (၄၀′×၆၀′) အကျယ်ရှိ ဒေါ်ခင်ဝင်းမြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလွှမ်းမိုးဝင်း (၉/မခန(နိုင်)၁၇၃၉၁၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် (၈၉၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၈၉၃)၊ ဧရိယာ(၀.၀၆၂)ဧက အကျယ်ရှိ ဒေါ်နီလာ(၁၂/အစန(နိုင်)၀၁၂၅၅၀) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးခင်မောင်ထွေး (၁၂/တမန(နိုင်)၀၈၆၃၆၀) နှင့် ဒေါ်ခင်မျိုးကြည် (၁၂/မဂဒ(နိုင်)၀၀၁၀၃၄) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း** လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နှင်းနုလွင်**

| | |
|---|---|
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဘုရင့်နောင်လမ်းနှင့်သစ္စာလမ်းထောင့်၊ မြေကွက်အမှတ်(၆၆၁)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀) စတုရန်းပေနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးကျော်စိုးလွင် [၁၃/တကန(နိုင်)၀၂၉၇၈၄]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၅၅၆၃)** | **(စဉ်–၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | **ဒေါ်သက်ထားခိုင်(LL.B)** |
| | **(စဉ်–၅၆၆၆၂)** | **(စဉ်–၅၆၈၇၅)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၀၈၈၆၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ်...**

❖ **ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ မြန်မာနှင့် ပါကစ္စတန် ယနေ့ ကစားမည်

ရန်ကုန် ဇွန် ၉

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုဒုတိယနေ့ပွဲစဉ်များကို ဇွန် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပါကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ပါကစ္စတန်လက်ရွေးစင်အသင်းသည် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲကို ယခင်က ပါကစ္စတန်နိုင်ငံ၌ ကျင်းပရမည်ဖြစ်သော်လည်း ပါကစ္စတန်ဘောလုံးအဖွဲ့ချုပ်၏ စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ❍



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။




ပေါ်တူဂီအသင်းကစားသမားများ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားဆွတ်ခူးပြီး အောင်ပွဲခံနေစဉ်။

# ပေါ်တူဂီအသင်း နေးရှင်းလိဂ်ဖလား ဒုတိယအကြိမ်ဆွတ်ခူး

ပေါ်တူဂီအသင်းနဲ့ စပိန်အသင်းတို့ ဇွန် ၉ ရက်နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းရဲ့ အိမ်ကွင်း အလိုင်းရန့်အရီနာကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလား ဗိုလ်လုပွဲစဉ်မှာ ပေါ်တူဂီအသင်းက စပိန်အသင်းကိုအနိုင်ရပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး အချိန်ပိုကစားရာမှာလည်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ ပေါ်တူဂီအသင်းက စပိန်အသင်းကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိကာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✪

# အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်

ရန်ကုန် ဇွန် ၉

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇွန် ၉ ရက်က ဗီယက်နမ်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

အုပ်စုပထမနေ့တွင် အိမ်ရှင်ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိ၊ လာအိုအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် လက်ကျန်နှစ်ပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ပေးလိုက်ရသည့် နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇွန် ၁၁ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - MFF



မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၅၄ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦး တွေ့ရှိ**

စာမျက်နှာ ၉

---

**တံခါးပိတ်လာနေတဲ့ အမေရိကန်**

ဆောင်းပါး စာမျက်နှာ ၁၀

---

**တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း နို့တိုက်သတ္တဝါ ၆၇ မျိုးနှင့် ငှက်မျိုးစိတ် ၂၄၄ မျိုး ရှင်သန်ကျက်စားနေမှု မှတ်တမ်းတင်တွေ့ရှိ**

စာမျက်နှာ ၁၁